# စက်မှုလင်းရှားမယ်

# Beacon of Industry

Vol.4, No.16 - Nov 15 , 2019 | www.moin.gov.mm | စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


## လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများနှင့်စပ်လျဉ်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် Stakeholder များနှင့်တွေ့ဆုံဆွေးနွေး



အတည်ပြုသတ်မှတ်ထားသော လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများနှင့်စပ်လျဉ်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် Stakeholder များနှင့်တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာလ ၁၉ ရက်နေ့၊ နေ့လယ် ၂ နာရီခွဲတွင် ရန်ကုန်မြို့၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ MSME Center ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်း၊ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့်စားသုံးသူရေးရာဦးစီးဌာနတို့မှတာဝန်ရှိသူများ၊ လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေးဆပ်ကော်မတီမှအဖွဲ့ဝင်များ၊ Plug & Socket ၊ Cable Wire ထုတ်လုပ်သည့်လုပ်ငန်းရှင်များ၊ လျှပ်စစ်ပစ္စည်းကိရိယာများစစ်ဆေးခြင်းနှင့်စပ်လျဉ်းပြီး အတွေ့အကြုံရှိသည့်ပညာရှင်များ စုစုပေါင်း ၄၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ- ၂

**နိုင်ငံတကာအဆင့်မီ မိုးလုံလေလုံ မော်တော်ယာဉ် အရောင်းပြပွဲကြီး ကျင်းပမည်**

စာမျက်နှာ - ၈

**အိမ်ထောင်ဦးစီး**

စာမျက်နှာ- ၁၆

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

**မျက်နှာဖုံးမှ-**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်သူများအနေဖြင့် လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်းပြီး အရည်အသွေးမီပစ္စည်းများ အသုံးပြုနိုင်ရေးကိုဦးတည်ပြီး Stakeholder များနှင့်တွေ့ဆုံဆွေးနွေးခြင်းဖြစ်၍ သက်ဆိုင်ရာဌာနများနှင့်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင်ပြီး လျင်လျင်မြန်မြန်ပူးပေါင်းဆောင်ရွက်စေချင်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စံချိန်စံညွှန်းသတ်မှတ်ပြဋ္ဌာန်းရာတွင် ဆောင်ရွက်မှုအခြေအနေများအားလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လျှပ်စစ်ပစ္စည်းကိရိယာများနှင့်စပ်လျဉ်းပြီး စစ်ဆေးဆောင်ရွက်မှုအခြေအနေများနှင့် လျှပ်စစ်ပစ္စည်းများဆိုင်ရာ ခေတ်မီဓာတ်ခွဲခန်းများတည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများအားလည်းကောင်း၊ တက်ရောက်လာသည့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက်ပူးပေါင်းဆောင်ရွက်မှုအခြေအနေများအားလည်းကောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့်လျှပ်စစ်ဆိုင်ရာပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းရှင်များကလည်း စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေးဆောင်ရွက်မည့်လုပ်ငန်းများကို ကြိုဆိုပါကြောင်း၊ ထုတ်လုပ်သူများဘက်မှလည်း သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဈေးကွက်တွင် အရည်အသွေးအားနည်းသည့် ပစ္စည်းများရှိနေသည့်အတွက် ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်စစ်ဆေးရေးဌာန၏ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများစစ်ဆေးသည့်ဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးခဲ့ပြီး (ပုံ) လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။



## အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် ကချင်ပြည်နယ်အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့ တွေ့ဆုံညှိနှိုင်း Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေး

ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် ကချင်ပြည်နယ်အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့တွေ့ဆုံညှိနှိုင်း အစည်းအဝေးကိုအောက်တိုဘာလ ၃ ရက်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင်လည်းကောင်း၊ ကချင်ပြည်နယ် MSME Action Plan ဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၃ ရက်နေ့နှင့် ၄ ရက်နေ့များတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင်လည်းကောင်း ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကချင်ပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနာယက ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ လုပ်ငန်းသုံးသပ်ရေးနှင့်ညှိနှိုင်းအကောင်အထည်ဖော်ရေး အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနာယက ဦးခင်မောင်ကျော်နှင့် MSME အေဂျင်စီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများအား ဆွေးနွေးခဲ့ကြသည်။







နှစ်ရက်ကြာကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသို့ ကချင်ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများမှကိုယ်စားလှယ်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ပြီး ကချင်ပြည်နယ် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် Action Plan ကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။ ❑

## အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရှေ့လျှားသင်တန်း အမှတ်စဉ် (၆/၂၀၁၉) ဖွင့်လှစ်

စက်မှုဝန်ကြီးဌာနနှင့်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့တွင် အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရှေ့လျှားသင်တန်းအမှတ်စဉ် (၆/၂၀၁၉) ကို အောက်တိုဘာလ ၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရက်သတ္တ ၄ ပတ်ကြာဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇော်နိုင်၊ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လျှပ်စစ်စစ်ဆေးရေးညွှန်ကြားရေးမှူး ဒေါက်တာမျိုးထိုက်၊



ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးနှင့်အရာထမ်း/အမှုထမ်းများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းနည်းပြဆရာ/ဆရာမများနှင့် သင်တန်းသား/သင်တန်းသူ ၄၀ ဦး အပါအဝင် စုစုပေါင်း ၈၃ ဦး တက်ရောက်ခဲ့ကြသည်။

အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရှေ့လျှားသင်တန်းသည် ကျေးလက်နေပြည်သူများအား လျှပ်စစ်ဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေး၊ လျှပ်စစ်ဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရေး၊ လျှပ်စစ်အသုံးပြုသော လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရေးနှင့် မျိုးဆက်သစ်လျှပ်စစ်ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ဒေသအရောက်ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

## လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၁၉) သင်တန်းဆင်း

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၂၈ ရက်နေ့၊ နံနက် ၈ နာရီတွင် လျှပ်စစ်စစ်ဆေးရေးခေတ်ခွဲခန်းနှင့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းတက်ရောက် သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသော

တတိယဆုရရှိသော မောင်သန်းဇော်ထွန်း (ကသ-၃၂) အားလည်းကောင်း ဆုများ အသီးသီးချီးမြှင့်ခဲ့ကြပြီး လျှပ်စစ်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမျိုးထိုက်က သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား ကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ခဲ့သည်။

သင်တန်းသား/သင်တန်းသူများအား လျှပ်စစ်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်နည်းပညာများ ပိုမိုသိရှိလာစေရန်၊ လျှပ်စစ်လုပ်ငန်း




မောင်နိုင်ဖြိုးဝင်း (ကသ-၈၆) အားလည်းကောင်း၊ ဆရာကြီးဦးခင်မောင်ဆွေ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) က ဒုတိယဆုရရှိသော မောင်အောင်ကျော်ဇင် (ကသ-၃၄) အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျက

များအား အန္တရာယ်ကင်းရှင်းစွာဆောင်ရွက်လာနိုင်စေရန်နှင့် လျှပ်စစ်တတ်ကျွမ်းနားလည်သော လျှပ်စစ်ကျွမ်းကျင်သူများမွေးထုတ်ပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းကို တစ်နှစ်လျှင် (၂) ကြိမ်ဖွင့်လှစ်

## အခြေခံလိုအပ်သည့် စက်မှုကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနေ

### အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၏ သင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုလုပ်ငန်းများအတွက် အခြေခံကျသောစက်မှုကျွမ်းကျင်လုပ်သားများကို နှစ်စဉ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ အမှတ် (၄)စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၏ အမှတ်စဉ် (၉) သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာလ ၉ ရက်နေ့၊ နံနက် ၉ နာရီတွင် သင်တန်းကျောင်းရှိ ကနောင်ခန်းမကြီး၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖြိုးမြင့်ဆွေ၊ ညွှန်ကြားရေးမှူး ဦးစောမှတ်ကျော်နှင့် တာဝန်ရှိသူများ၊ ပခုက္ကူခရိုင်အတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ကျောင်းအုပ်ကြီးနှင့်သင်တန်းကျောင်းမှဆရာ/ဆရာမများ၊ သင်တန်းဆင်းကြမည့် သင်တန်းသား/သင်တန်းသူများနှင့်၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖြိုးမြင့်ဆွေက သင်တန်းဆင်း အမှာစကားပြောကြားပြီး စံပြဆု၊ ထူးချွန်ဆုများ၊ နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိခဲ့သူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ကာ တက်ရောက်လာကြသူများက သင်တန်းသား/သင်တန်းသူများ၏ သင်တန်းဆင်းလက်ရာများ လှည့်လည်ကြည့်ရှုအားပေးကြသည်။*(ပုံ)*

အဆိုပါသင်တန်းအား ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့အထိ သင်တန်းသား/သင်တန်းသူ ၁၆၅ ဦးဖြင့် သင်တန်းကာလတစ်နှစ်ကြာ လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းသင်တန်းသားများ၏ အလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများ၊ ကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုသင်တန်းကျောင်း (၆) ကျောင်းမှ နှစ်စဉ်စက်မှုကျွမ်းကျင်လုပ်သား ၁,၀၀၀ ကျော်ကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



ပေးလျက်ရှိရာ ယခုသင်တန်းအပါအဝင် (၄၃) ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား/သင်တန်းသူ ၃,၅၉၉ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

❑




## အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ဝန်ထမ်းမိသားစုများ (၂၉) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကျင်းပ



စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ဝန်ထမ်းမိသားစုများ၏ (၂၉) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကို အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ကကျင်းပခဲ့ရာ ခေတ္တဒုတိယစက်ရုံမှူးနှင့်အရာထမ်း၊ အမှုထမ်းတို့က ပင့်သံဃာ (၁၄) ပါးတို့အား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ သံဃာတော် (၁၄) ပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဝန်ထမ်းမိသားစုများအား မုန့်ဟင်းခါးဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ဝန်ထမ်းမိသားစုများ၏ လှူဒါန်းမှုအစုစုတန်ဖိုးမှာ ငွေသားတန်ဖိုးကျပ် ၂,၀၆၃,၉၀၀၊ ပစ္စည်းတန်ဖိုးကျပ် ၈၂၂,၄၀၀၊ စုစုပေါင်းကျပ် ၂,၈၈၆,၃၀၀ ဖြစ်ကြောင်း သိရသည်။

## သက်ကြီးဘိုးဘွားများအား ထောက်ပံ့လှူဒါန်း



ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မကျည်းစုကျေးရွာအုပ်စု၊ မကျည်းစုကျေးရွာရှိ အသက် ၇၀ နှစ်နှင့်အထက် ကျား ၃၅ ဦး၊ မ ၄၀ ဦးနှင့်ခိုကိုးရာမဲ့ ၅ ဦးတို့အား အောက်တိုဘာလ ၂၁ ရက်နေ့က အဆိုပါဇာတိဖြစ်သူ စက်မှုဝန်ကြီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးစံမြင့်နှင့်ဇနီးမိသားစုတို့က ဝန်ကြီးဌာနမှ ထုတ်လုပ်ရောင်းချသည့် အမျိုးသားဝတ်အင်္ကျီနှင့် အမျိုးသမီးဝတ်အင်္ကျီစများ၊ အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)

## မြန်မာ့ဆေးဝါးလုပ်ငန်း
## ဆေးဝါးသုံးတိရစ္ဆာန်အစားအစာနှင့် ထုပ်ပိုးပစ္စည်းများအဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (၁) | မြင်းစာတောင့် | ၁၄၇ တန် |
| (၂) | ကုလားပဲလုံး | ၃၅ တန် |
| (၃) | ဂျုံဖွဲကြမ်း | ၃၁၀ တန် |
| (၄) | အစေ့ထုတ်ပြောင်း | ၂၂၃ တန် |
| (၅) | Carton Box (3 Ply) ၈ မျိုး | |
| | - (410 x 245 x 78) mm | ၁၃၂,၇၀၀ ခု |
| | - (465 x 280 x 95) mm | ၅၄,၃၆၀ ခု |
| | - (420 x 270 x 130) mm | ၂၈,၆၀၀ ခု |
| | - (215 x 190 x 100) mm | ၂၅,၀၀၀ ခု |
| | - (235 x 225 x 100) mm | ၄,၁၀၀ ခု |
| | - (195 x 195x 82) mm | ၃၄,၀၀၀ ခု |
| | - (120x 54 x 147) mm | ၁၅၀,၀၀၀ ခု |
| | - (350 x 320 x 125) mm | ၄၂,၀၀၀ ခု |
| (၆) | Carton Box (5 Ply) ၁၀ မျိုး | |
| | ဆေးဝါးစက်ရုံ (အင်းစိန်) | |
| | - (405 x 330 x 205) mm | ၂,၃၇၀ ခု |
| | - (390 x 310 x 180) mm | ၄၅,၅၅၀ ခု |
| | - (400 x 300 x 280) mm | ၄,၅၀၀ ခု |
| | - (500 x 290 x 125) mm | ၈,၉၀၀ ခု |
| | - (275 x 260 x 180) mm | ၁၃,၀၀၀ ခု |
| | - (410x 410x 440) mm | ၁,၉၀၀ ခု |
| | - (430x 270 x 200) mm | ၂,၉၀၀ ခု |
| | - (440 x 335 x 270) mm | ၃,၂၅၀ ခု |
| | - (330 x 275 x 235) mm | ၂၅၀,၀၀၀ ခု |
| | ဆေးဝါးစက်ရုံ (အင်ရောင်း) | |
| | - (330 x 275 x 235) mm | ၁၀၀,၀၀၀ ခု |
| | - (370 x 270 x 235) mm | ၂၀၀,၀၀၀ ခု |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၄-၁၁-၂၀၁၉) ရက်နေ့၊ မွန်းလွဲ (၄း၀၀) နာရီ

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်)
ဆေးဝါးစက်ရုံ (အင်ရောင်း)

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန
နေပြည်တော်။

၅။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇၃-၄၀၈၃၈၈၊ ၀၆၇၃-၄၀၈၃၅၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း **မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) နှင့်ဆေးဝါးစက်ရုံ (အင်ရောင်း)** တို့အတွက် ဆေးဝါးကုန်ကြမ်းနှင့်ထုပ်ပိုးခွံများ၊ စက်နှင့်စက်အရန်ပစ္စည်းများအား ရန်ကုန်ဆိပ်ကမ်းများမှ သက်ဆိုင်ရာစက်ရုံများသို့ပို့ဆောင်ရန် ကုန်သေတ္တာတင်ယာဉ်ငှားရမ်းခ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၇. ၁၀. ၂၀၁၉ ရက်နေ့
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄. ၁၁. ၂၀၁၉ ရက်နေ့၊ (၁၆း၀၀) နာရီ

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန**
**နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၈၂၇၆**

## အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေး

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် ကနေဒါနိုင်ငံ Canadian Executive Organization အဖွဲ့တို့ ပူးပေါင်း၍ 'Organization Review and Capacity Development Plan Program' အရ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစားနှင့်အလတ်စားစီးပွားရေးဖွံ့ဖြိုးရေးဌာန မှဝန်ထမ်းများပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၉ ရက်နေ့၊ နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်အသင်းဝင်များ၊ စက်မှုဇုန်မှလုပ်ငန်းရှင်များ၊ စက်မှုဝန်ကြီးဌာန အသေးစားနှင့်အလတ်စားစီးပွားရေးဖွံ့ဖြိုးရေးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး ကနေဒါနိုင်ငံမှ စီးပွားရေးပညာရှင်များက အသေးစားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် ဈေးကွက်ဖော်ဆောင်ရေး၊ ချေးငွေရယူရေးဆိုင်ရာများကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။



## အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး) စက်မှုကျွမ်းကျင် (၁) နှစ်သင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ၏ စက်မှုကျွမ်းကျင် (၁) နှစ်သင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာလ ၁၀ ရက်နေ့ နံနက် ၉ နာရီက ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖြိုးမြင့်ဆွေ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး စံပြဆုရရှိသော သင်တန်းသားအား ဆုချီးမြှင့်ပေးအပ်သည်။ ၎င်းနောက် ဘာသာရပ်အလိုက်ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ပြီး ကျောင်းအုပ်ကြီး ဦးကျော်စွာဦးက သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းမှ သင်တန်းသား/သင်တန်းသူ ၁၄၈ ဦးအား သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးခဲ့ပြီး သင်တန်းဆင်းများ၏ အလုပ်အကိုင်ရရှိရေးအတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိသည်။ သင်တန်းကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စက်မှုဘာသာရပ် ၄ မျိုးအား စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပေးခဲ့ပြီး သင်တန်းကာလ (၁) နှစ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

## ပုဂံဒေသကို ပြည်ပခရီးသွားလာရောက်မှု ၅ သိန်းဝန်းကျင်ရှိလာနိုင်မည့်ဟု ခန့်မှန်းထား

၂၀၁၉ ခုနှစ်တွင် ပုဂံဒေသကိုလာရောက်မည့် ပြည်ပခရီးသွား ၅ သိန်းဝန်းကျင်ထိရှိလာနိုင်မည်ဟု ခန့်မှန်းကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်ကပြောသည်။

လက်ရှိအချိန်အထိ ပုဂံဒေသကို လာရောက်လည်ပတ်သော ခရီးသွားဧည့်သည် ၃ သိန်းဝန်းကျင်ခန့်ရှိပြီး ခရီးသွားရာသီပြီးဆုံးချိန်တွင် ၅ သိန်းကျော်ခန့်ရှိနိုင်ကြောင်း၊ ပုဂံဒေသကိုလာရောက်သော ပြည်ပခရီးသွားများတွင် တရုတ်ခရီးသွားများက အများဆုံးဖြစ်ကြောင်းနှင့်အာရှနိုင်ငံများက ခရီးသွားများလာရောက်လည်ပတ်ခြင်းများပြီး ဥရောပနိုင်ငံများမှခရီးသွားများ လာရောက်မှုနည်းနေကြောင်း သိရသည်။


**မြင့်မြတ်အောင်မြင်**




## သီတင်းကျွတ်ကာလအတွင်း ချင်းပြည်နယ်သစ်ထုတ်လုပ်ရေး ခိုင်ကမ်းဆင်စခန်းတွင် လာရောက်လည်ပတ်သူများပြား

ချင်းပြည်နယ်၏ပထမဆုံးဆင်စခန်းဖြစ်သည့် တီးတိန်မြို့နယ် ခိုင်ကမ်းဆင်ထိန်းသိမ်းရေးစခန်းတွင် သီတင်းကျွတ်ရုံးပိတ်ရက်ကာလ၌ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်အပန်းဖြေနိုင်ရန် ပိတ်ရက်မရှိဖွင့်လှစ်ထား၍ လာရောက်အပန်းဖြေသူ များပြားကြောင်းကို ချင်းပြည်နယ်သစ်ထုတ်လုပ်ရေး ခိုင်ကမ်းဆင်စခန်းမှ သတင်းရရှိသည်။

တစ်နေ့လျှင်လာရောက်အပန်းဖြေဧည့်သည် လူအယောက် ၂၀၀ ဝန်းကျင်ရှိပြီး ဝင်ကြေးနှင့်ဆင်စီးခ နိုင်ငံခြားသားတစ်ယောက်လျှင် ငွေကျပ် ၁၀,၀၀၀၊ ပြည်တွင်းခရီးသွားတစ်ယောက်ကို ငွေကျပ် ၃,၀၀၀ နှုန်းနှင့်အသက် ၁၀ နှစ်အောက်ကလေးတွေကို ဝင်ကြေးအခမဲ့သတ်မှတ်ထားကြောင်းသိရကာ စခန်းစတင်ဖွင့်လှစ်ခဲ့သည့် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ယခုရက်ပိုင်းအထိ ပြည်တွင်းခရီးသွားဦးရေ ၁၈,၀၀၀ ကျော်ရှိပြီး ပြည်ပခရီးသွားဦးရေ ၅၀ လာရောက်လည်ပတ်ကြောင်းကို ချင်းပြည်နယ်သစ်



ထုတ်လုပ်ရေး ခိုင်ကမ်းဆင်စခန်းတာဝန်ခံ သစ်တောအုပ်ကြီးထံမှသိရသည်။

ယင်းဆင်စခန်းတွင် ဆင်အထီး ၄ ကောင်နှင့်အမ ၃ ကောင် စုစုပေါင်း ၇ ကောင်ရှိရာ ဆင်စခန်းသို့ ကလေး၊ တမူး၊ ခမ်းပတ်၊ ကလေးဝနှင့်ချင်းတောင်ပေါ်ဒေသများမှ လာရောက်အပန်းဖြေသူများရှိကြောင်း ထပ်မံသိရသည်။

**ပန်းချမ်းငယ်**

## မြန်မာ့ရုပ်သေးပညာရပ်ထိန်းသိမ်းမြှင့်တင်ပြန့်ပွားရေး ပညာရှင်များတွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး (ဗဟို) မှကြီးမှူး၍ မြန်မာ့ရုပ်သေးပညာရပ် ထိန်းသိမ်းမြှင့်တင်ပြန့်ပွားရေး ပညာရှင်များတွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာလ ၁၄ ရက်နေ့ နေ့လယ် ၁ နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် ၄၂ လမ်း၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီးသဘင်ပညာရှင်များ အစည်းအရုံးလောကနတ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး (ဗဟို) အတွင်းရေးမှူး ဦးနေဝင်း၊ ရုပ်သေးကော်မတီနာယက ဦးရဲဒွေး၊ ဦးတင့်ဆွေ (ပုဂံ) နှင့် ရုပ်သေးကော်မတီဥက္ကဋ္ဌ ဒေါ်မမနိုင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။ အနာဂတ်မြန်မာ့ရုပ်သေးသဘင်ထိန်းသိမ်းရေးအတွက် ဆိုင်းပညာရှင်ဦးစိန်မွတ္တား၊ ပန်းချီပညာရှင်ဦးစိန်မြင့်၊ စာပေပညာရှင် ဆရာသိုက်ထွန်းသက်၊ ဆရာညီစေမင်းနှင့်ဆိုင်းပညာရှင်များ၊ ဧည့်လမ်းညွှန်များ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) သဘင်ပညာဌာနမှ ဆရာ၊ ဆရာမများက အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာ့ရုပ်သေးပညာရပ်ထိန်းသိမ်းမြှင့်တင်ပြန့်ပွားရေးကော်မတီဥက္ကဋ္ဌ ဒေါ်မမနိုင်က အကြံပြုချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျေးဇူးတင်စကားပြောကြားသည်။



မန္တလေးမြို့သည် ရှေးယခင်က တန်ခိုးကြီးဘုရားများနှင့် ရပ်ကွက်ဘုရားပွဲများတွင် ရုပ်သေးသဘင်ဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပခဲ့သော်လည်း ယခုအခါတိမ်မြုပ်ပျောက်ကွယ်လျက်ရှိသည်။ နိုင်ငံခြားသားများကြည့်ရှုရန် ရုပ်သေးရုံတည်ထောင်ထားသော်လည်း အာရှခရီးသွားဧည့်သည်များ ကြည့်ရှုမှုနည်းပါးပြီး ဥရောပနှင့်အမေရိကတိုက်မှ ခရီးသွားများသာ ကြည့်ရှုမှုရှိခဲ့သည်။ မြန်မာ့ရုပ်သေးအနုပညာထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်ကြရန်ဆွေးနွေးကြကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**


❑

# သာမညဖလအခါနှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော် နွှဲပူဇော်

တန်ဆောင်မုန်းလအခါသမယနှင့်စပ်လျဉ်း၍ ကုန်းဘောင်ခေတ်နှောင်း ကောဇာသက္ကရာဇ် ၁၂၄၂ တွင် ယောအတွင်းဝန်ဦးဖိုးလှိုင်က သူ၏ဥတုဘောဇနသင်္ဂဟကျမ်းတွင် တန်ဆောင်မုန်းလသည် ဟေမန္တဥတုမည်၏၊ လောကသည် အေး၏၊ ဆီးနှင်း များ၏၊ မြောက်လေ လာ၏၊ ကျီး၊ ကျွဲ၊ သိုး၊ ဆင်တို့သည် မြူးထူးကုန်၏၊ ဆီးဖြူ ခဝဲ၊ ခေတ္တာ၊ ဂမုန်း၊ သဇင် စသောပန်းတို့သည် ပွင့်ကုန်၏၊ ချိုဆိမ့်သောအရသာရှိသော အမြစ်၊ အသီး၊ အရွက်၊ အပွင့်တို့သည် အားရှိကုန်၏ဟူ၍လာကြောင်း မှတ်တမ်းတင်ထားသည်။ ထို့အပြင် ရတနာပုံခေတ် (ကောဇာနှစ်-၁၂၄၀) တွင် ကင်းဝန်မင်းကြီးဦးကောင်းက တန်ဆောင်မုန်းနှင့်ပတ်သက်၍ မှတ်တမ်းပြုခဲ့သည်မှာ ရာသီဗြိစ္ဆာ၊ ကင်းမြီးကောက်ပုံ (Scorpius) စန်းဖြင့် နက္ခတ္တဗေဒကြယ်စုသည် ကြတ္တိကာ (ဖျောက်ဆိတ် Pleiades, Taun) ကြယ်ငယ်စု၊ သင်တုန်း၊ စပါးနှံရုပ်နှင့် ရာသီပွဲများမှာ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းကပ်လှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်၊ မယ်ဇလီဖူးသုပ် ဝေငှသောပွဲတော်၊ ကျီးမနိုးပွဲတော်နှင့် သာမညဖလအခါတော်နေ့ပွဲတော် စသည်တို့ကျင်းပကြသည်။

တန်ဆောင်းမုန်းလကို ရှေးအခါက (တန်ဆောင်မှုန်) ဟူ၍ ရေးထိုးမှတ်သားကြ၏။ ထိုမှတစ်ဆင့် (တန်ဆောင်မှုန်း) ဟူ၍ ပြောင်းလဲခေါ်ဆိုခဲ့ရာ အင်းဝခေတ်သို့ရောက်သည့်အခါ (တန်ဆောင်မုန်း) ဟုခေါ်တွင်လာခဲ့ကြသည်။ တန်ဆောင်သည် မီးတိုင်ဆီမီးဖြစ်၍ မုန်းသည် တောက်ပထွန်းလင်းခြင်းမည်၏။ ထို့ကြောင့် ဤလသည် မီးရှူး၊ မီးတိုင်တို့ကို ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးကိုထွန်းသောလ၊ မီးထွန်းလဟုလည်း သတ်မှတ်ခဲ့ကြသည်။ ထို့ပြင်တန်ဆောင်သည် မီးရှူးတန်ဆောင်မည်ပြီး မုန်း (မှုန်း) သည်ကား ပျောက်လွင့်ချေမှုန်းခြင်းဖြစ်လေသည်။ အမိုက်အမှုန်တို့ကို မီးရှူးတန်ဆောင်ဖြင့် ပျောက်နှင့်ချေမှုန်းသောလဟူ၍ ဖြစ်လေသည်။

ဤလအခါသမယကို မီးထွန်းလဟုသတ်မှတ်ခဲ့ခြင်းမှာ စန်းလှည့်နက္ခတ်ဖြစ်သော (ကြတ္တိကာ) ကို ဒဟနီမည်သော မီးနတ်ကစောင့်ကြပ်သည်ဖြစ်၍ ဒဟနီမီးစောင့်နတ်ကို ဤလ၌ ရှေးဟောင်းလူတို့ ပူဇော်ခဲ့ကြရာမှ ရွေ့လျားလာခဲ့သော မြန်မာမှုအစဉ်အလာပွဲတော်ဖြစ်လာကြောင်းလည်း ယူမှတ်ခဲ့ကြလေသည်။ မီးပန်းပွင့်ကုံး တန်ဆောင်မုန်း၊ ဆန်းတန်ဆောင်မုန်း ချမ်းစိမ့်တုန်းဝယ်၊ မိုးလုံးထိန်ဝါ ကြတ္တိကာလျှင်၊ တန်ဆောင်မုန်းကား၊ မန္ဒုန်းမိုးသား၊ တိုင်ထွတ်ဖျားတွင်၊ ငါးပါးကျိုးရှို၊ မီးပွင့်ညို၍၊ ကရဝိတ်လည်း၊ ချစ်ရိပ်သွယ်လို့ ငယ်သံတွတ်တီး၊ ဆီမီးကထိန်၊ မြောက်လေကကြိမ်းသနှင့်၊ တန်ဆောင်ငယ်ညီး၊ လင်းဆီမီးပွင့်လို့၊ ချီးမြှင့်သရေ ခဝဲရွှေနှင့် စဲငွေနဒီ၊ သဲဗွေညီစွာ၊ လှူကထိန် တန်ဆောင်ထွန်းသည်နှင့် မှောင်ကျွန်းခြင်လျှံကွန့်ပါဘိ၊ မိုးညွှင်း



ဗဟို၊ . . စသည်ဖြင့် ဤတန်ဆောင်မုန်းလ မီးထွန်းသမယကို ရှေးဟောင်းမြန်မာကြီးတို့ ဖော်ညွှန်းမဆုံးရှိခဲ့ကြလေ၏။ နှစ်သက်မြတ်နိုးဖွယ် ကောင်းလှပေသည်။

တန်ဆောင်မုန်းလ မီးထွန်းကြသည့်သမိုင်းအစ ရှာဖွေတင်ပြရမည်ဆိုလျှင် သူကောင်းဟူသောဝေါဟာရအဓိပ္ပာယ်နှင့်ဆက်စပ်လျက်ရှိနေပေသည်။ သူကောင်းဟူသည်မှာ တန်ဆောင်မုန်းလအခါ ဆင်ခြင်စရာတရားပင်ဖြစ်ပေသည်။ အကြောင်းမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာ ရှင်တော်ဗုဒ္ဓ၏ဝါတော် ၂၀ မြောက် မဟာသက္ကရာဇ် ၁၂၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သောအကြောင်းဖြစ်သည်။ နေရာဒေသကား ရာဇဂြိုဟ်ပြည် သမားတော်ကြီးဇီဝက၏ အမ္ဗဝန်ရသရက်တောဥယျာဉ်၌ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ညဥ့်ဦးယံတွင် ဗုဒ္ဓမြတ်စွာသည် ထိုနေရာဒေသ၌ အဇာတသတ်မင်းနှင့်သံဃာတော် ၁,၂၅၀ ပါးတို့အား သာမညဖလသုတ်ခေါ် သူတော်ကောင်းသူတော်မြတ်ဖြစ်ရာဒေသနာတရားတော်များကို ဟောကြားတော်မူခဲ့သည်။

ဤသို့ဗုဒ္ဓမြတ်စွာဘုရားက အဇာတသတ်မင်းအား သူတော်ကောင်းသူတော်စင်ဖြစ်ရာ ဒေသနာတော် သာမညဖလသုတ္တန်ကို ဤတန်ဆောင်မုန်းလပြည့်နေ့၌ ဟောကြားရခြင်း မူလအစသည်ကား-

မာဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းသည် ဒေဝဒတ်မည်သော သူယုတ်မာနှင့်ပေါင်းဖော်မိသဖြင့် ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကိုသတ်ပြီးလျှင် ထီးနန်းကိုသိမ်းပိုက်ခဲ့၏။ ထို့နောက် ဒေဝဒတ်လူယုတ်မာသည် မြတ်ဗုဒ္ဓအရှင်တော်မြတ်ကိုပင် လုပ်ကြံရန်ကြံစည်ပြန်သဖြင့် ဒေဝဒတ်မြေမျို၍ အသေဆိုးဖြင့်သေဆုံးသွားခဲ့ရသည်။ ထိုအကြောင်းကြောင့် အဇာတသတ်မင်းသည် ကြီးစွာသောထိတ်လန့်တုန်လှုပ်မှုကိုခံစားရပြီး မိမိအားအမှန်တရားကိုပြပြီး စိတ်နှလုံးအေးငြိမ်းစေမည့် သူတော်ကောင်းမိတ္တကလျာဏကို မရမနေတမ်းတရှာဖွေလေရာ ပထမ၌ ပုရာဏကဿပစသော တိတ္ထိဆရာကြီး ၆ ဦးတို့၏ ဂယာဝါဒများကိုကြားနာ၍ စမ်းကြည့်၏။ သဘောမတွေ့၊ ကျေနပ်မှုမရှိ။ မိမိအလိုရှိသောသူကောင်းဟူသည် ဤအဖြေမဟုတ်။ ဘဝင်မကျဘဲရှိနေချိန်တွင် သူကောင်းသူမွန်ဖြစ်သော သမားတော်ကြီးဇီဝက၏ဦးဆောင်မှုဖြင့် ဤတန်ဆောင်မုန်းလပြည့်နေညဥ့်ဦးယံတွင် ရာဇဂြိုဟ်မြို့အနီးရှိ ဇီဝကလှူထားသော သရက်ဥယျာဉ်တော်ရှိ မြတ်စွာဘုရားသီတင်းသုံးစံနေတော်မူရာသို့ အဇာတသတ်မင်းနှင့်နောက်ပါအဖွဲ့ဝင်များခြံရံလျက် ရွှေနန်းတော်မှမင်းခမ်းမင်းနားဖြင့် ထွက်ခဲ့ကြရာ တောရိပ်တောင်ရိပ်၊ လရောင်ရိပ်များ ဖုံးလွှမ်းနေသော လမ်းခရီးတစ်လျှောက်၌ မီးရှူးမီးတိုင် ဆီမီးတိုင်များထွန်းညှိကာ ကိုယ်စီကိုယ်ငှကိုင်ဆောင်၍ စီတန်းလျှောက်လှမ်းခဲ့ကြရသည်။ ထိုသို့သော အကြောင်းတရားအစဉ်အလာများဖြစ်သော မြတ်စွာဘုရားကိုဖူးမြော်ရန်အတွက် တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း တန်ဆောင်ဆီမီးထွန်းညှိပူဇော်ပွဲကို ကျင်းပခဲ့ကြရိုးဖြစ်၏။ ကောင်းမွန်မြတ်နိုးဖွယ်ရာ အစဉ်အလာတစ်ရပ်ဖြစ်ခဲ့သည်။

ထို့ကြောင့် ဤတန်ဆောင်မုန်းလပြည့်နေ့တွင် ကောင်းမြတ်သော သာမညဖလတရားတော်က သူတော်ကောင်းဟူသည်နှင့်စပ်လျဉ်း၍ ဗုဒ္ဓမြတ်စွာအမျှပြုသော တပည့်ရဟန်းနှင့်ရှေးပညာရှိကဝိအဆူဆူ သူတော်မွန်သူတော်မြတ်အဆက်ဆက်တို့သည် တလောကလုံးလူသားတစ်ရပ်လုံးတို့ တင့်တယ်သာမောကြစေရေးတို့ကိုရှေးရှု၍ သူတော်ကောင်းသူမြတ်ကောင်းဖြစ်ကြစေကြောင်း ဩဝါဒမေတ္တာစကားဒေသနာနှင့် နီတိအဖြာဖြာများစွာ လမ်းမှန်ပြွတ်ကြားခဲ့ကြ၏။

ထိုအကြောင်းများကြောင့် တန်ဆောင်မုန်းလပြည့်အခါသမယ၌ မြတ်ဗုဒ္ဓရှင်တော်ဘုရားဟောကြားခဲ့သော သာမညဖလသုတ်တော်ကို နာကြားလိုက်ရသောအဇာတသတ်မင်းကြီးသည် ဗုဒ္ဓသာသနာတော်ကြီးကို အကြွင်းမဲ့သက်ဝင်ယုံကြည်လာခဲ့ပြီး ပုထုဇဉ်များထဲမှ ရတနာသုံးပါးကို အကြည်ညိုဆုံးပုဂ္ဂိုလ်မြတ်တစ်ဦးအဖြစ် ရောက်ရှိခဲ့ရသည်။ ဤတရားတော်ကိုကြားနာရသဖြင့် အရှင်မြတ်စွာဘုရား၊ မိုက်မဲတွေဝေ၍ မလိမ္မာ၍ ဖြစ်ခဲ့သောကိလေသာအပြစ်သည် တပည့်တော်အား လွှမ်းမိုး၍သွားခဲ့ရပါသည်။ တရားစောင့်သော တရားသဖြင့်မင်းပြုသောဖခမည်းတော်ကို မင်းစည်းစိမ် (အာဏာ) ဟူသောအကြောင်းကြောင့် တပည့်တော်လုပ်ကြံသတ်ဖြတ်ခဲ့မိပါသည်ဘုရား။ တပည့်တော်၏ထိုအပြစ်ကို နောင်အခါစောင့်စည်းခြင်းငှာ အပြစ်ဟုမြတ်စွာဘုရားက လက်ခံတော်မူပါဘုရားဟု လျှောက်ထားခဲ့လေသည်။

ထိုအခါမြတ်စွာဘုရားက မင်းကြီး၊ အကြင်သူသည် အပြစ်ကိုအပြစ်ဟု အကြောင်းအားလျော်စွာ ကုစားကြ၏။ ဤကုစားစောင့်စည်းခြင်းသည် အရိယာ၏ဝိနည်းအဆုံးအမ၌ ကြီးပွားခြင်းပင် ဖြစ်လေသတည်းဟူ၍ မိန့်ကြားတော်မူခဲ့လေသည်။

ထိုအကြောင်းတရားများကြောင့် အဇာတသတ်မင်းသည် မိမိ၏အပြစ်ကိုကုစားနိုင်ခဲ့သဖြင့် အပြစ်ကြီးလေးသော မဟာအဝီစိငရဲတွင် မကျခံရတော့ဘဲ အပြစ်ဒဏ်ပေါ့လျော့သော လောဟကုမ္ဘီငရဲ၌သာလျှင် ကျရောက်ခဲ့ရလေသည်။ နောင်အခါ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါဖြစ်၍ ကျွတ်တမ်းဝင်လိမ့်မည်ဖြစ်ကြောင်း မိန့်ဆိုခဲ့ပေသည်။

အဇာတသတ်မင်းသည် ဗုဒ္ဓဘာသာကို အထူးကြည်ညိုလေးစားပြီး ပထမသင်္ဂါယနာတင်လှူနိုင်ခဲ့ခြင်း၊ ဗုဒ္ဓ၏ဓာတ်တော်မွေတော်များကို စုဆောင်းသိမ်းဆည်း၍ ဓာတ်တော်တိုက်တည်ထောင်ခဲ့ခြင်း၊ ဗုဒ္ဓသာသနာနှစ်ကို အတိအကျသတ်မှတ်ခဲ့ခြင်း အပြင် ပိဋကတ်တော်များကိုမပျက်စီးရလေအောင် သင်္ဂါယနာအဆက်ဆက်တင်၍ ယနေ့တိုင်အောင် ထိန်းသိမ်းနိုင်ခဲ့ခြင်းသည် အဇာတသတ်မင်း၏ ကျေးဇူးကြောင့်ပင်ဖြစ်ပေသည်။

အချုပ်အားဖြင့် ဖော်ပြရလျှင် ယနေ့အထိ ဗုဒ္ဓသာသနာတော်ကြီး မကွယ်ပျောက်ဘဲ ပိဋကတ်တော်များကို သံဃာတော်များထိန်းသိမ်းစောင့်ရှောက်၍ ယနေ့တိုင်ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ဖွံ့ဖြိုးနေသည်မှာ ဤတန်ဆောင်မုန်းလပြည့်ဒေသနာ သာမညဖလတရားတော်ကြီး၊ အဇာတသတ်မင်းကြီးနှင့် ဗုဒ္ဓ၏သားတော်ရဟန်းသံဃာတော်များ၏ ကျေးဇူးတော်ကြောင့်ပင်ဖြစ်ပါကြောင်း သာဓုအကြိမ်ကြိမ်ခေါ်ဆိုရင်း ရေးသားပူဇော်တင်ပြလိုက်ရပေသည်။

**ရွှေတိုင်လွင်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## မျက်နှာဖုံးမှ- နိုင်ငံတကာအဆင့်မီ မိုးလုံလေလုံမော်တော်ယာဉ်အရောင်းပြပွဲကြီး ကျင်းပမည်




ကားရောင်းချသူများ၊ ကားနှင့်ဆက်စပ်သောလုပ်ငန်းလုပ်ကိုင်နေသူများအတွက် CarDB မှကြီးမှူးကျင်းပသည့် နိုင်ငံတကာအဆင့်မီ မိုးလုံလေလုံမော်တော်ယာဉ်အရောင်းပြပွဲကြီး (CarDB Auto Show Yangon 2019) ကို နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ရန်ကုန်မြို့ရှိ The One Entertainment Park တွင်ကျင်းပသွားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၂ ရက်နေ့၊ နေ့လယ် ၂ နာရီက ရန်ကုန်မြို့၊ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်တွင်ကျင်းပသည့် CarDB Auto Show Yangon 2019) စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားမှ သိရသည်။

အဆိုပါကားပြပွဲတွင် Brand New ကားသစ်အမှတ်တံဆိပ်များဖြစ်သည့် Nissan, Suzuki, Toyota, BAIC, Borgward, Chevrolet, Ford, GAC, Gold AYA, Hyundai, Isuzu, Jaguar, Land Rover, Mitsubishi တို့မှ ဝင်ရောက်ပြသသွားမည်ဖြစ်ပြီး တစ်ပတ်ရစ်ကားများ၊ မော်တော်ယာဉ်အပိုပစ္စည်းရောင်းချသောဆိုင်များ၊ မော်တော်ယာဉ်နှင့်ဆက်စပ်သောဝန်ဆောင်မှုအမျိုးမျိုးကို ဆောင်ရွက်ပေးနေသောလုပ်ငန်းများလည်း ပါဝင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

'Brand New ကားတွေရော၊ တစ်ပတ်ရစ်ကားတွေရော အားလုံးကိုပေါ့ စုံစုံလင်လင်ပြသရောင်းချသွားမှာဖြစ်ပါတယ်။ မော်တော်ယာဉ်အပိုပစ္စည်းတွေ၊ မော်တော်ယာဉ်နှင့်ဆက်စပ်သော ဝန်ဆောင်မှုအမျိုးမျိုးကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်' ဟု CarDB ၏ Sale Manager မဖူးဖူးက ပြောသည်။

အဆိုပါပြပွဲသို့ လာရောက်ကြည့်ရှုသူများအတွက် အထူးအစီအစဉ်အနေဖြင့် လျှော့ဈေးဖြင့်ရောင်းချခြင်း၊ လက်ဆောင်ကံစမ်းမဲများပြန်လည်မဲဖောက်ပေးခြင်း အစီအစဉ်များပါဝင်သွားမည်ဖြစ်ပြီး ကားနှင့်သက်ဆိုင်သူများအားလုံး မော်တော်ယာဉ်အရစ်ကျဝယ်ယူနိုင်မည့်ဘဏ်နှင့်အာမခံလုပ်ငန်းများမှ ဝန်ဆောင်မှုအမျိုးမျိုးကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**KMC**

## မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် မြန်မာ-ဂျပန်စင်တာတို့ပူးပေါင်းဖွင့်လှစ်သော ကုန်ထုတ်လုပ်မှုစီမံခန့်ခွဲခြင်းသင်တန်းဆင်း

မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့်မြန်မာ-ဂျပန်စင်တာတို့ ပူးပေါင်းဖွင့်လှစ်သော ကုန်ထုတ်လုပ်မှုစီမံခန့်ခွဲခြင်း သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာလ ၆ ရက်နေ့ မွန်းလွဲ ၃ နာရီက မန္တလေးစက်မှုဇုန် ကနောင်ခန်းမရှိ ရွှေအိုးသင်တန်းခန်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးဂျပန်စင်တာစက်မှုကျွမ်းကျင်ပညာရှင်တို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များချီးမြှင့်သည်။ သင်တန်းတွင် မန္တလေးစက်မှုဇုန်ရှိ အလုပ်ရုံ၊ စက်ရုံများမှမန်နေဂျာနှင့် စီမံခန့်ခွဲရေးဝန်ထမ်း ၃၀ ဦးတက်ရောက်ခဲ့ကြပြီး ရက်သတ္တပတ်ကြာ ကုန်ထုတ်လုပ်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာများ သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းဆင်းပွဲသို့ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးနှင့် ကော်မတီဝင်များ၊ စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**




## အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်မှ Big Data Analytics ခေါင်းစဉ်ဖြင့် Special Online Course သင်တန်းဖွင့်

အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ် (မဒရပ်စ်) မှ Big Data Analytics ခေါင်းစဉ်ဖြင့် Special Online Course သင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၇ ရက်နေ့ မွန်းလွဲ ၃ နာရီက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ် (မန္တလေး) တွင်ကျင်းပခဲ့ရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်တက်ရောက်အားပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Saurabh Kuma က အိန္ဒိယ-မြန်မာချစ်ကြည်ရေးအစီအစဉ်အရ သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ် (မန္တလေး) တည်ဆောက်ပေးခဲ့မှုနှင့်နည်းပညာသင်ကြားရေး ပူးပေါင်းဆောင်ရွက်မှုများကိုပြောကြားပြီး အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ် (မဒရပ်စ်) နှင့် သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ် (မန္တလေး) တို့ အွန်လိုင်းမှချိတ်ဆက်၍ နည်းပညာသင်ကြားမှုအား ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအပြီးတွင် မန္တလေးမြို့တော်ဝန်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၊ မန္တလေးမြို့ရုံးစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်တို့သည် အွန်လိုင်းချိတ်ဆက်၍ Big Data Analytics ခေါင်းစဉ်ဖြင့် နည်းပညာသင်ကြားနေမှုအားကြည့်ရှုအားပေးသည်။ သတင်းအချက် အလက်နှင့်နည်းပညာတက္ကသိုလ် (မန္တလေး) သည် အိန္ဒိယနိုင်ငံ၏ကူညီမှုဖြင့် အိန္ဒိယနိုင်ငံမှဆရာများနှင့် မြန်မာဆရာများပူးပေါင်းကာ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား နည်းပညာများသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**



# ကံကောင်းကျွန်းမှ အလွမ်းစာ (၆)

ဇင်ယော်

ကျွန်တော်ငယ်ငယ်က ဖတ်မိတဲ့စာအုပ်တွေထဲမှာ ဆရာကိုတာရဲ့ ‘ဖြန့်ထွက်တွေးခြင်းနှင့် အခြားစာတမ်းများ’ စာအုပ်ဟာ ကျွန်တော့်ရင်ထဲတော်တော်ရောက်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်တော့ ဖြန့်ထွက်တွေးနိုင်စွမ်း (Lateral Thinking) အားနည်းတယ်ဆိုတာတော့ သိခဲ့ပါတယ်။ ကျွန်တော့် Professor ဟာ သူ့ကျောင်းသားတွေကို ဖောက်ထွက်တွေးကြဖို့ (Think out of the box) ဆိုပြီး အမြဲပြောပါတယ်။ သူ့ရဲ့ Power Point Slide တိုင်းရဲ့ နောက်ဆုံးအပိတ်မှာလည်း အဲ့ဒီစာသားလေးကို အမြဲထည့်ထားပါတယ်။ ကိုယ်တွေလို ဖြန့်ထွက်ပြီးတောင် မတွေးတတ်တဲ့သူအတွက် ဖောက်ထွက်ပြီးတွေးဖို့ဆိုတာ အလှမ်းဝေးလွန်းပါတယ်လို့ပဲ ကိုယ့်ကိုယ်ကိုယ်ပြောဖြစ်ပါတယ်။ တစ်နေ့ အဲ့ဒီတစ်နေ့အထိပေါ့။

ကျွန်တော်တို့တက္ကသိုလ်မှာ Disability Studies ကို လေ့လာနေကြတဲ့ကျောင်းသားတိုင်း ပြဇာတ်လက်မှတ်တစ်စောင်စီရကြပါတယ်။ ကမယ့်အဖွဲ့က 'Restless Dance Theratre' ဆိုတဲ့အဖွဲ့။ မသန်စွမ်းမှုရှိသူရော၊ မရှိသူရော အတူတွဲပြီးအနုပညာလုပ်နေကြတဲ့အဖွဲ့ပါ။ အနုပညာပိုးရှိသူ မည်သူမဆို (သန်စွမ်းသူရော၊ မသန်စွမ်းသူပါ) ကိုယ့်အရည်အသွေးကို ထုတ်ပြခွင့်ရတဲ့နေရာမို့ ကျွန်တော်ကျောင်းတက်နေတဲ့ပြည်နယ်မှာတော့ နာမည်ရပြီးသားပါ။ တစ်နိုင်ငံလုံးအနေနဲ့တော့ နာမည်မကြီးသေးပါဘူး။ ပြီးတော့ ပြဇာတ်ဒါရိုက်တာကလည်း အခုမှဒီအဖွဲ့ကိုကိုင်တာဆိုတော့ ကျွန်တော့်စိတ်ထဲ ထူးထူးခြားခြားရှိမယ်မထင်မိပါဘူး။ အလကားရလို့ သွားကြည့်တယ်ဆိုတာထက် မပိုပါဘူး။

ပြဇာတ်က မြို့ထဲကဟိုတယ်ကြီးတစ်ခုမှာ လုပ်တာပါ။ ကျွန်တော်ထင်ထားတာက ခန်းမကြီးထဲမှာပြဇာတ်အဖွဲ့က စင်ပေါ်က၊ ပရိသတ်က စင်အောက်ကကြည့်ရမယ်လို့ပေါ့။ ဟိုတယ် Lobby ထဲရောက်တော့ လူဆယ်ယောက်စာ နာမည်တပ်ထားတဲ့ ခုံလေးဆယ်ခုံပဲရှိပါတယ်။ ကိုယ့်နေရာကိုယ်ဝင်ထိုင်ပြီး လူစုံတော့ ဟိုတယ်ဝန်ထမ်းတစ်ယောက်လာနှုတ်ဆက်ပါတယ်။ ကြည့်ရတာ ဉာဏ်ရည်မသန်စွမ်းသူ တစ်ယောက်လို့ထင်မိပါတယ်။ သူက လူတစ်ယောက်ကိုနှုတ်ဆက်တိုင်း မျက်လှည့်တစ်ခုပြပါတယ်။ ကျွန်တော့်အလှည့်မှာ နှင်းဆီပန်းတစ်ပွင့်ရလိုက်ပါတယ်။ ခဏနေတော့ ခပ်ချောချော ကောင်မလေးတစ်ယောက်ရောက်လာရော။ လူတိုင်းရဲ့အချစ်ရေးအခြေအနေကို လိုက်မေးပြီး အခြေအနေအလိုက် အကြံပေးစာကတ်လေးတွေပြန်ပေးပါတယ်။ ပြီးတော့ သူအခု လူတစ်ယောက်နဲ့အရမ်းတွဲကချင်နေလို့ပါဆိုပြီး ကျွန်တော်တို့ဆယ်ယောက်ထဲက တစ်ယောက်နဲ့တွဲကပါတယ်။ ကံကောင်းသွားတဲ့သူက အန်တီကြီးတစ်ယောက်ပါ။ သူ့အချစ်ရေးကို ဘယ်လိုဖြေလိုက်လို့လဲတော့မသိပါဘူး။ ကျွန်တော်ကတော့ Single ဆိုပြီး ဖြေလိုက်တာ ရလိုက်တဲ့အကြံပေးစာက ‘Single ဆိုတာ ပိုရှုပ်လို့ရတယ်’ (Single to be Mingle) တဲ့။

စုံတွဲအကပြီးတော့ ကောင်လေးတစ်ယောက်ရောက်လာပြီး ကျွန်တော်တို့တစ်ယောက်ချင်းစီကို လျှို့ဝှက်ချက်ပြောချင်လို့ဆိုပြီး တိုးတိုးလေးလိုက်ပြောပါတယ်။ သူပြောတဲ့အတိုင်းလုပ်ဖို့ထလိုက်တော့ ဆယ်ယောက်လုံး ကိုယ်လိုလူတွေချည်းဖြစ်နေပါတယ်။ ကောင်လေးက လျှို့ဝှက်ချက်ဆိုပြီး အားလုံးကိုတစ်ထပ်တည်းပြောခဲ့တာကိုး။ အဲဒီအချိန်ကျွန်တော်တို့က Hotel Lobby ထဲမှာဆိုတော့ ဧည့်သည်အဝင်အထွက်တွေရော၊ Bar နဲ့ Restaurant က သူတွေရော ကျွန်တော်တို့ကိုဝိုင်းကြည့်နေကြတာပါ။ ကျွန်တော်တို့ကြုံရတဲ့သုံးယောက်ကလည်း ဆန်းနေတော့ ကျွန်တော့်စိတ်ထဲထူးတော့ ထူးနေပြီ။ ဘာတွေဆက်ဖြစ်မှာပါလိမ့်လို့ တွေးမိပါတယ်။

ကဲဒီနောက်တော့ ကျွန်တော်တို့အဖွဲ့ကို ဟိုတယ်ရဲ့ ၂၃ ထပ် (ဒီမြို့မှာအမြင့်ဆုံး) ကိုခေါ်သွားပါတယ်။ ဟိုတယ်အိပ်ခန်းလေးတစ်ခုထဲမှာ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် ကုတင်ပေါ်မှာ ကလူကျီစယ်နေကြတာ တွေ့ရပါတယ်။ အဝတ်အစားအပြည့်အစုံဝတ်ထားလို့ အမြင်မရိုင်းပေမယ့် ညအိပ်မီးရောင်မှိန်မှိန်လေးအောက်မှာ ကုတင်ပေါ်ကစုံတွဲကို လူတွေဝိုင်းကြည့်ရတာ တစ်မျိုးတော့တစ်မျိုးပါပဲ။ ကျွန်တော်သတိထားမိတာက ကောင်လေးရော၊ ကောင်မလေးရော ဒေါင်းစင်ဒရုန်း (Downsyndrome) လေးတွေပါ။ ဒီပြကွက်ကိုတော့ Disability and Sexuality (မသန်စွမ်းမှုနဲ့လိင်ကိစ္စ) လို့ ကိုယ့်ဘာသာနာမည်ပေးလိုက်ပါတယ်။



အဲဒီအခန်းထဲကအထွက်မှာ ကျွန်တော်တို့အဖွဲ့ဟာ သူတို့လမ်းပြတဲ့အတိုင်း ဟိုတယ်မြေအောက်ထပ်ကို ရောက်သွားလိုက်၊ မီးဖိုချောင်ထဲရောက်သွားလိုက်နဲ့ ကားပါကင်နဲ့ Laundry ခန်းတွေကိုပါ ရောက်ခဲ့ပါသေးတယ်။ ကျွန်တော်နာမည်ပေးထားတဲ့ မှတ်မိသလောက်ပြကွက်တွေကတော့ မသန်စွမ်းမှုနှင့်နှလုံးသားနှောင်ကြိုးများ (Disability and Relationship)၊ အချစ် (Love and Affection)၊ အတင်းအဖျင်း (Gossips)၊ အထင်အမြင်သေးခြင်း (Judgement) နဲ့မိသားစုဆက်ဆံရေး (Family Affairs) ဆိုတာတွေပါ။ အချစ်ဆိုတဲ့အခန်းမှာကို မသန်စွမ်းသူချင်းချစ်တဲ့အချစ်၊ သန်စွမ်းသူချင်းချစ်တဲ့အချစ်၊ မသန်စွမ်းသူနဲ့ သန်စွမ်းသူချစ်တဲ့အချစ်ဆိုပြီး ဇာတ်ကွက်အခွဲလေးတွေပါပါသေးတယ်။ ဇာတ်ကွက်တစ်ခုနဲ့တစ်ခု အကူးအပြောင်း၊ ဓာတ်လှေကားလို၊ ကော်ရစ်ဒါထောင့်ချိုးလိုနေရာမျိုးတွေမှာ မသန်စွမ်းသူတွေရဲ့ တစ်ကိုယ်တော်စွမ်းရည်ပြကွက်တွေ ရှိပါသေးတယ်။

နောက်ဆုံးပြကွက်က ဟိုတယ်ရဲ့ Bar ထဲမှာပါ။ ကျွန်တော်တို့အဖွဲ့ကော၊ တခြားသူတွေကော ကြောင်လိမ်လှေကားကြီးကို မော့ကြည့်ရပါတယ်။ လှေကားပေါ်မှာမင်းသားနဲ့မင်းသမီး (ဒေါင်းစင်ဒရုန်း) တို့က Titanic ကားထဲက မင်းသားနဲ့မင်းသမီး သင်္ဘောဦးမှာရပ်တဲ့ဇာတ်ဝင်ခန်းကို သရုပ်ဆောင်ကြပါတယ်။ ငြိမ့်ညောင်းတဲ့ တီးလုံးလေးအဆုံးမှာတော့ ခပ်မြူးမြူးသီချင်းလေးကြားရပါတယ်။ ပြီးတော့ Bar ထဲက တချို့လူတွေထက ပါတော့တယ်။ ဒီတော့မှ ထကတဲ့သူတွေအားလုံးဟာ သရုပ်ဆောင်တွေပါလားသို့ သတိထားမိပါတော့တယ်။ ဟိုတယ်အဝင်မှာ နေရာချပေးသူ၊ မျက်လှည့်ပြသူတို့ကအစ ဓာတ်လှေကားထဲ ကိုယ့်ကိုမျက်လုံးစူးစူးနဲ့ စိုက်ကြည့်ခဲ့သူ၊ ကော်ရစ်ဒါမှာ စောင်းမြောင်းပြောခဲ့သူတွေအားလုံးဟာ သရုပ်ဆောင်တွေပါ။ စနစ်တကျစီစဉ်ထားတဲ့ ဇာတ်ကွက်အခင်းအကျင်းထဲမှာ ကျွန်တော်တို့စီးမြောသွားတာပါ။

စာဖတ်သူအနေနဲ့ ကျွန်တော့်ဆောင်းပါးကို ဘာတွေပါလိမ့်လို့ထင်မိပါလိမ့်မယ်။ တောင်းပန်ပါတယ်။ ဒီဆောင်းပါးမှာ ကျွန်တော်ပြောချင်တာတွေ များလွန်းနေလို့ပါ။ ပြောစရာတွေ၊ တွေးစရာတွေများအောင်လည်း ဒီပြဇာတ်က ကျွန်တော့်အပေါ် သက်ရောက်မှုရှိပါတယ်။ နောင်အခွင့်အရေးရရင်တော့ ပြကွက်တစ်ခုချင်းစီနဲ့ အဲဒီပြကွက်အပေါ် ကျွန်တော့်အမြင်နဲ့စိတ်ခံစားချက်ကို စာရေးဖြစ်မှာပါ။ ဒီဆောင်းပါးမှာတော့ ကျွန်တော်ပြောခဲ့တဲ့ ‘ဖောက်ထွက်တွေးခြင်း’ ဆိုတာလေးကို မီးမောင်းထိုးပြချင်ပါတယ်။ ကျွန်တော်တို့ ဘာတွေဖောက်ထွက်ရမှာလဲ။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အသိုင်းအဝိုင်းပတ်ဝန်းကျင်၊ မိသားစုရိုးရာဓလေ့၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစတဲ့ မြင်ရတဲ့စည်းတွေရော၊ မမြင်ရတဲ့ တံတိုင်းတွေရော အများကြီးရှိပါတယ်။ ဒီအတားအဆီးတွေဟာ ကျွန်တော်တို့ရဲ့အမြင်နဲ့အတွေးအခေါ်ကို ပိတ်ပင်ကန့်သတ်ထားနိုင်ပါတယ်။ ဒီလိုစည်းတွေ၊ ဘောင်တွေကို ကျော်ကြည့်၊ မျှော်ကြည့်ရင်တော့ ကျွန်တော်တို့ရဲ့ရပ်တည်မှုနဲ့ ကိုယ်ပိုင်အအမြင်တွေဟာ အများကြီးပြောင်းလဲသွားမှာပါ။

ပြောခဲ့တဲ့ပြဇာတ်လေးကိုပဲ ပြန်တွေးကြည့်ရအောင်။ ဒီပြဇာတ်မှာ သရုပ်ဆောင်နဲ့ပရိသတ် စင်ပေါ်၊ စင်အောက်ဆိုသလိုမျိုးနေရာ (Space) သီးသန့်ရှိမနေပါဘူး။ သရုပ်ဆောင်နဲ့ ပရိသတ် ရောထွေးနေတာပါ။ နောက်တစ်ခုက ပြဇာတ်စတဲ့အချိန်။ ဟိုတယ်အပေါ်ဆုံးထပ်အိပ်ခန်းလေးထဲရောက်မှ ပြဇာတ်စတာမဟုတ်ပါဘူး။ ကျွန်တော်တို့အဖွဲ့ Lobby ခန်းထဲက ထိုင်ခုံမှာဝင်ထိုင်ကတည်းက ပြဇာတ်စနေပါပြီ။ နောက်ဆုံးအချက်က ကျွန်တော်တို့ကိုယ်တိုင် ပရိသတ်ဖြစ်နေရင်း တစ်ချိန်တည်းမှာပဲ သရုပ်ဆောင်ဖြစ်နေတယ်ဆိုတာပါပဲ။ သရုပ်ဆောင်မှုတွေမှာ စီးမြောရင်း၊ သူတို့ပြောတာလိုက်လုပ်ရင်း ကိုယ်ပါဝင်သရုပ်ဆောင်ဖြစ်နေတာပါ။ လျှို့ဝှက်ချက်ဆိုပြီး လူတိုင်းကိုလိုက်ပြောတဲ့ကောင်လေး၊ အချစ်ရေးတွေလိုက်မေးပြီး စုံတွဲကတဲ့ကောင်မလေးအခန်းတွေမှာဆို ကျွန်တော်တို့က သရုပ်ဆောင်တွေဖြစ်သွားတာ။ ပရိသတ်က ဘယ်သူဖြစ်မလဲ။ ကျွန်တော်တို့မဟုတ်တဲ့ တခြားသူအားလုံးပေါ့။

ပြဇာတ်တစ်ပုဒ်ရဲ့ အနှစ်သာရက ဘာလဲ။ အခမ်းနားဆုံးဆက်တင်

စာမျက်နှာ ၁၀ သို့-

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

အကြံပေး
ဒေါ်ခင်မာရီ

စာတည်းမှူးချုပ်
ဦးကျော်လှိုင်

ဒုတိယစာတည်းမှူးချုပ်
ဦးနိုင်ဇော်ဝင်း

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
ဦးဟိန်းမင်းဇော

စာမျက်နှာအပြင်အဆင်
ဒေါ်ခင်သီတာမိုး

ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး
ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

ထုတ်ဝေသူ
ဦးကျော်လှိုင်
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် – ၀၀၅၀၁

ပုံနှိပ်သူ/ပုံနှိပ်တိုက်
ဒေါ်မြင့်မြင့်တင်
မြသိင်္ဂီအော့ဖ်ဆက် (၁) (၀၀၂၆၅)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
စောင်ရေ – ၆၄၆၀

ဂျာနယ်တိုက်လိပ်စာ
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း – ၀၆၇ – ၃၄၀၅၀၅၇
ရန်ကုန်
ဖုန်း – ၀၉ – ၄၄၉၀၀၃၅၁၆
၀၉ – ၇၇၀၀၄၇၆၅၉

E-mail
beaconofindustry@gmail.com

## စာမူနှင့်သတင်းများဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာ များနှင့်စက်ရုံနယ်မြေအလိုက် သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry@ gmail.com သို့လည်းကောင်းပေးပို့နိုင်ကြောင်း ဖိတ်ခေါ် အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့် အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့် လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

စက်မှုအလင်းဂျာနယ်

# တစ်လခန့်ကြာမြင့်မည့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးရေး စတင်လှုပ်ရှား

မြန်မာနိုင်ငံ၏ပထမဦးဆုံး နိုင်ငံလုံးဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအသိပညာပေးလ Myanmar Cyber -security Month အဖြစ် အောက်တိုဘာလ ၄ ရက်နေ့က ရန်ကုန်မြို့၌ စတင်ကျင်းပခဲ့သည်။



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်၊ နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာသတင်းအချက်အလက်လုံခြုံရေးအဖွဲ့အစည်း၊ မြန်မာနိုင်ငံဆိုင်ရာ US ICT တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး မြန်မာပြည်သူများနှင့်အဖွဲ့အစည်းများကို ဆိုက်ဘာလုံခြုံရေးအတွက် အသိပညာပေးနိုင်ဖို့ ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ဗဟိုဘဏ်က ကူညီထောက်ပံ့ပေးထားခြင်းဖြစ်ပြီး ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များနှင့် အွန်လိုင်းစီးပွားရေးလုပ်ငန်းများအတွက် အချက်အလက်လုံခြုံမှုရှိစေဖို့ ကာကွယ်ခြင်းဖြစ်ကြောင်း အဆိုပါအခမ်းအနားတွင် သတင်းထုတ်ပြန်ခဲ့သည်။

MISA ဟုခေါ်သော မြန်မာသတင်းအချက်အလက် လုံခြုံရေးအဖွဲ့အစည်းအတွင်းရေးမှူး ဦးမိုင်းဖုန်းမြင့်က 'လူမှုကွန်ရက်မှာ လွှမ်းမိုးမှုရှိတဲ့ ထင်ပေါ်ကျော်ကြားသူတွေနဲ့ လူမှုကွန်ရက်အကောင့်တွေ၊ အစိုးရ Website တွေကို တိုက်ခိုက်ပြီး အချက်အလက်ခိုးယူတဲ့ကိစ္စတွေ၊ ဆိုက်ဘာပြစ်မှုတွေဟာ မြန်မာနိုင်ငံမှာတိုးပွားလာနေတယ်' ဟု ပြောသည်။

MISA သည် ဆိုက်ဘာလုံခြုံရေးလှုပ်ရှားမှုများနှင့်ပတ်သက်ပြီး ပူပေါင်းလုပ်ဖို့ ယခုနှစ်အစောပိုင်းက နည်းပညာကျွမ်းကျင်သူပညာရှင်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုလှုပ်ရှားမှုတွင် Cyber Ready Myanmar နှင့်ကျင်းပခြင်းဖြစ်ပြီး မြန်မာပြည်သူများအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပေးသည့်ဓလေ့တစ်ခုဖော်ဆောင်ပေးဖို့၊ အွန်လိုင်းကို ဘေးကင်းစွာအသုံးပြုနိုင်ရေး အသိပညာပေးဖို့အပြင် အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ NGOs အဖွဲ့အစည်းများကို ၎င်းတို့၏အချက်အလက်များ၊ ကွန်ရက်များနှင့်စနစ်များကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်အောင် လမ်းညွှန်ချက်များ၊ ပစ္စည်းကိရိယာထောက်ပံ့ခြင်းများဖြင့် သင်ကြားပြသပေးနိုင်ဖို့ ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအောက်တိုဘာလတွင် ကမ္ဘာတစ်ဝှမ်းလုံး၌ ဆိုက်ဘာလုံခြုံရေး အသိပညာပေးရေး လှုပ်ရှားမှုများ ကျင်းပနေချိန်ဖြစ်ပြီး တခြားနိုင်ငံများ၌ ဆိုက်ဘာလုံခြုံရေးနေ့၊ ဆိုက်ဘာလုံခြုံရေး ရက်သတ္တပတ်စသဖြင့် ကျင်းပလေ့ရှိသော်လည်း မြန်မာနိုင်ငံက အမေရိကန်၊ ကနေဒါ၊ ဂါနာနှင့် အခြားဥရောပနိုင်ငံများနည်းတူ ဆိုက်ဘာလုံခြုံရေးလှုပ်ရှားမှုကို တစ်လခန့်ကြာဆင်နွှဲသည့် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများအတွင်းက ပထမဦးဆုံးသော နိုင်ငံဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

**စာမျက်နှာ ၉ မှ-**

ကြီးတွေလား။ အကောင်းဆုံး အသံစနစ်၊ ခေတ်မီမီးအလင်းပေးစနစ်တွေလား၊ ဇာတ်ပို့ဇာတ်ရံတွေရဲ့အတိုးအလှုပ်နဲ့ မင်းသား၊ မင်းသမီးတွေရဲ့ သရုပ်ဆောင်ချက်တွေလား။ ဒီအချက်တွေနဲ့တိုင်းရင်တော့ ဒီပြဇာတ်ဟာ ပြဇာတ်မဟုတ်ပါဘူး။ ပြဇာတ်ဆိုတာ သရုပ်ဆောင်နဲ့ပရိသတ်အခြေအနေ၊ အချိန်အခါတစ်ခုမှာ ဆုံတွေ့ကြတယ်။ သရုပ်ဆောင်မှုမှာ ပရိသတ်ပါ မျောပါသွားတယ်ဆိုတာမျိုး မြင်ကြည့်ရင်ရော။ ဒီအမြင်အရဆိုရင်တော့ ကျွန်တော်ကြည့်ခဲ့တာအကောင်းဆုံးပြဇာတ်တစ်ပုဒ်ပါ။ ဒါရိုက်တာဟာ တော်လွန်းခဲ့ပါတယ်။ ပြဇာတ်ဆိုတာနဲ့ လူတွေစိတ်ကူးထဲမှာ မြင်ယောင်နိုင်တဲ့အမြင်တစ်ခုလုံးပြောင်းပစ်နိုင်ခဲ့ပါတယ်။ ကျွန်တော့်အတွက်ရော ဘယ်လိုအကျိုးရှိသလဲဆိုရင်တော့ ဖြန့်ထွက်တွေးတာနဲ့ ဖောက်ထွက်တွေးတာ အခိပ္ပာယ်မကွာဘူး။ မြင်ရိုးမြင်စဉ်တစ်ခုကို ရှုထောင့်ပြောင်းကြည့်တဲ့အခါ အတွေးသစ်၊ အမြင်သစ်၊ လမ်းကြောင်းသစ်တွေရလာတယ်ဆိုတာပါပဲ။ ဒီပြဇာတ်ကို ကျွန်တော်အမြဲသတိရနေဦးမှာပါ။

(စာကြွင်း ။ ပြဇာတ်ဒါရိုက်တာဟာလည်း မသန်စွမ်းတစ်ယောက်ပါ။ ပရိသတ်တွေကြားထဲမှာ Wheel-chair လေးနဲ့ ရှိနေခဲ့ပါတယ်။ ဒီပြဇာတ်နဲ့သူဟာ ၂၀၁၇ ခုနှစ်ရဲ့အကောင်းဆုံးပြဇာတ်ဒါရိုက်တာဆုကို ရခဲ့ပါတယ်။ Restless Dance Theratre အဖွဲ့လည်း တစ်နိုင်ငံလုံးမှာပေါက်သွားပါတယ်။ အခုတော့ US မှာပါ သွားဖျော်ဖြေနေရပြီလို့ ကြားမိပါတယ်။ သူတို့တစ်ဖွဲ့လုံးအတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။ ***သူတို့အဖွဲ့အကြောင်း သိချင်ရင်တော့ Internet မှာ Restless Dance Theratre ဆိုပြီး ရှာကြည့်နိုင်ပါတယ်။)***

# WCL WIN CONSULTING LIMITED

***We provide the following services designed to support your business objectives, manage your resources and improve your profitability and competitiveness:***

## BUSINESS ADVISORY

- Risk Management
- Finance Management

## BUSINESS CONSULTING

- New Investors Advisory
- Business Planning and Review
- Project Preparation and Packaging

## ECONOMIC AND FINANCIAL CONSULTING

- Share and Asset Valuation
- Corporate Finance

## TAX , LEGAL AND OTHER SERVICES

- Tax Advisory
- Corporate Tax Services
- Tax Reporting Services
- Tax Compliance Review
- Legal Advisory
- Company Formation Services
- Secretarial Services
- Payroll Tax Services
- Compilation of Financial Information Services
- Representation before Tax and other Government Authorities
- Reviewing Agreements and Contracts
- Liquidation and Closing Down Services
- Investment/SEZ Permit Application Services

***Contact us: U Win Thin (Chairman), U Win Aung (Vice Chairman), U Myo Min Htwe (Managing Director)***

Office Address : # Room 2D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Between Anawyahta Street & Mahabandoola Street, Pazundaung Township, Yangon Region, Myanmar.
Tel : (951) 8245671, 9010343, 9010549, 9010057, 9010593
Fax : (951) 8245671
E-mail : winconsult@ytp.com.mm, winthin9@ytp.com.mm
Website : www.winthinassociates.com

# SPG Standard Power Group Co., Ltd.

## ELECTRICAL & MECHANICAL ENGINEERING

**Substation Installation**
- Material Supply
- Installation
- Turn Key





**Electrical Installation**
- Lighting & Power ( Wiring & Fixture) Installation
- Fire Alarm Control System Installation
- CCTV & MATV System Installation
- PABX System Installation
- Retail Management System ( RMS ) Installation






**S.P.G Factory Product**
- Package Type Substation ( VCB + Transformer + ACB )
- Medium Voltage Switchgear Panel, Remote Control Panel
- Low Voltage Switchgear Panel ( Form 1,2,3B,4B )
- ACB Panel, ATS Panel, COS Panel, Refer Panel
- MSB , SB, DB Panel
- Metal Cable Ladder, Tray , Trunking etc.,



**Others Service**
- Laser cutting service for MS , EGI ( 0.6~ 3.0mm ) , Stainless Sheet ( 0.6 ~ 2.0mm)
- Laser cutting service for Ply wood ( up to 20mm thick)
- Laser engraving service for Name Plate and Sign.

**Warmly Welcome to discuss for any kind of Electrical & Mechanical Services**



Factory & Office : No. 251, Kin Tar Street, Industrial Zone (3), Dagon Myothit ( South ), Yangon Myanmar. 11431
Factory Phone : 09 864 5757, 09 864 0808 Email : amaung.spg@gmail.com
Visit us : www.standardpowergroup.com Facebook Page : Standard Power Group Co., Ltd. (SPG) & Laser King


ALPINE
Purified Drinking Water
PROMISES PURITY
Tel: +959 730 971 36, +959 730 971 37


မုံရွာ
ဆရာမိုး
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010736
ပင်ရင်း - ဈ - ၃၅၆၊မေဓါဝီလမ်းမကြီး၊ဈ/ရပ်ကွက်၊ရတနာသိဂီ ဈေးအနီး၊ မ/ဥက္ကလာပ၊ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၉၆၉၀၅၈၇၊၀၁ - ၆၉၁၀၇၉၊၀၉ - ၅၁၈၈၆၃၂


SEIN KABAR TEXTILE CO.,LTD
Product : 100% Cotton Yarn
- 40/s - 32/s - 21/s
- 12/s - 10/s - 7/s
Made in Myanmar
Tel : ....
09-896501608,
09-896808176,
09-789222220
FACTORY :
No.A4/a, Ngwe Taw Kyi Kone Qr.,
Pyi Gyi Ta Gon Township,
Industrial Zone(1), Mandalay, Myanmar.


THIRI SANDAR
GARMENT & GENERAL TRADING CO-OP, SOCIETY LTD.
Established Year : 1994
Telephone No : +95 1 6457 30, +95 9 2504 985 56
Email : info@thirisandargarment.com
mahtaywin243@gmail.com
High quality garments with on time delivery services.
OUR SERVICES
(1) Various Types of Knitwear
(2) Kids Wear
(3) Ladies Casual Wear
(4) Pants
(5) Uniforms
(6) Sports Wear
Lower Mingalardon Road, Aung San Ward, Insein Township, Yangon, Myanmar.
+95 1 6457 30, +95 9 5148 761
htayhtayaye@thirisandargarment.com


PP marble
စက်မှုဝန်ကြီးဌာနနှင့်
Pacific Bold paragon Group Co.,Ltd
MINISTRY OF INDUSTRY
မှပူးပေါင်းထုတ်လုပ်ဖြန့်ချီသော နေပူခံစကျင်ကျောက်ပြား
ဆက်သွယ်ရန်
၁၁-၃/၆၆၊၅၇လမ်းသိပ္ပံလမ်းထောင့်၊မန္တလေးမြို့ ။ 09-5136843, 09-43100532.
၂၇လမ်း၊၈၃ × ၈၄လမ်းကြား၊ငပိတန်းလက်ကျားဈေးချို၊မန္တလေးမြို့ ။ 02-60305(Fax)
စကျင်ကျောက်ပြားစက်ရုံ၊မတ္တရာမြို့ ။ 09-788683359,09-965136843


ATK
A T K
ATK
AUNG THUKHA
Traditional Myanmar Food House
မြန်မာထမင်းဆိုင်
အမှတ်(၁၇-က)၊ အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၀၁ ၅၂၅ ၁၉၄

# Thida & Partners Ltd.
# PKF YTK Ltd.

Member of PKF International — in affiliation with VDB | Loi

## Services Offered:

- Accounting & Auditing
- Company Formation,
- Secretarial Work & Liquidation
- Tax Advisory
- General Services to LTO.MTO
- Investment Advisory

## Special Services Offered:

Prepare the registers and account records which are required to be kept as per the Myanmar Company Law 2017 (Section 258), especially for small companies not required to complete an audit.

## PKF Myanmar

**Yangon Office**

Address : 11-C, Stadium View Condo, Corner of Bo Min Yaung Rd & Mandalay St., Mingalar Taung Nyunt Tsp., Yangon,
: No.(38), Mawlamyaing St., Sayar San North/West Ward, Bahan Tsp., Yangon.

Phone : 09 5150902, 09 785150902, 09 791088897
09 799907720, 09 73105320

Email : thidachowin@gmail.com, earnest.ytk@gmail.com

# MMM CAR SALE CENTER

အမှတ် – ၁၉/၂၀၊ ဗဟိုလမ်းမကြီး၊ နာနတ်တောခုံးကျော်တံတားအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

MMM Car Sales Center ၌ ဝယ်ယူသူများ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်စေရန် ကားအမျိုးအစားအစုံကို ပြသရောင်းချပေးလျက်ရှိပါသည်။

အရောင်းပြခန်း၌ ပြသထားသည့် ကားများမှာ 2018 Brand New Model မှစ၍ နံပါတ်ထွက်ပြီးသား Used Car မျိုးစုံကိုပါ ရောင်းချပေးလျက်ရှိသည့်အပြင် ထပ်မံတိုးချဲ့ဖွင့်လှစ်မည့် Showroom များ၌လည်း Suzuki Brand New ကားများနှင့် အခြား Brand New Car များကိုပါ ရောင်းချပေးနိုင်ရန် စီစဉ်ထားရှိပါသည်။



HotLine
09 7979 8585 9

# မြင့်မြတ်တော်ဝင်

ဦးနှောက်အာရုံကြော နှင့် စိတ်ပိုင်းဆိုင်ရာ
အထူးကုဆေးခန်း

လိပ်စာ–အမှတ် G ၁၃/၁၅–တာဝါ(ခ)
ဒိုင်းမွန်းကွန်ဒိုပြည်လမ်းကမာရွတ်
ရန်ကုန်မြို့။
ဖုန်း–၀၉–၃၂၀၀၆၃၅၀

SENIOR EMPEROR ENGINEERING & CONSTRUCTION CO.,LTD

# S.E.E.C



No(91) Hnin Si Street, Shwekyarpin Ward, Zabu Thiri Tsp, Naypyitaw.
Work Ship : No(26), Thapyay Street, Pobbathiri Tsp, Naypyitaw.
Ph : 09 43034362, 09 797099995, 09 420257850
E-mail : S.E.E.C 1976 @gmail.com

# National ICT Award 2019 ပြိုင်ပွဲအတွက် မန္တလေးတိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကျင်းပ

ပညာရေးဝန်ကြီးဌာနအခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ပူးပေါင်းကျင်းပသည့် National ICT Award 2019 (Educational Project) & Skill Competition ပြိုင်ပွဲအတွက် မန္တလေးတိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် ကွန်ပျူတာပညာရှင်အသင်း၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကာ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းရှိ တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းတွင် ကျင်းပရာ မန္တလေးတိုင်း ၂၈ မြို့နယ်မှ အခြေခံပညာအထက်တန်းအဆင့်နှင့် မာလ်တီမီဒီယာဆရာ၊ ဆရာများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အလားတူ အခြေခံပညာမူလတန်းနှင့်အလယ်တန်းအဆင့်ပြိုင်ပွဲကို အောက်တိုဘာလ ၂၂ ရက်နေ့ နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနာယက ဦးဥက္ကာကျော်နှင့် အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှတာဝန်ရှိသူများ



လာရောက်ကြည့်ရှုအားပေးကြသည်။

ကွန်ပျူတာစွမ်းရည်ပြိုင်ပွဲတွင် မာလ်တီမီဒီယာဆရာအဆင့် ၁၀ ဦး၊ အထက်တန်းအဆင့် ၅ ဦး၊ အလယ်တန်းအဆင့် ၄၂ ဦး၊ မူလတန်းအဆင့် ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**သီဟကိုကို (မန္တလေး)**

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး) မှကြီးမှူး၍ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာဟောပြော

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး) နှင့် Myanmar Inspection and Technology Co.,Ltd. တို့ပူးပေါင်း၍ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို အောက်တိုဘာလ ၂၀ ရက်နေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၃၄ လမ်းနှင့် ၇၈ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ၊ စတုတ္ထထပ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (မန္တလေးတိုင်းဒေသကြီး) ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေးတိုင်းဒေသကြီး) နာယက ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး Myanmar Inspection and Technology Co.,Ltd. မှ ဦးသန်းထွန်းဇော်က 'Third Party Inspection for Storage Tank, Pressure Equipment (Boiler, Vessel, Piping, PSV & Structure)' ခေါင်းစဉ်ဖြင့် ရေနံပိုက်လိုင်းများ၊ လောင်စာဆီသိုလှောင်ကန်များ တည်ဆောက်ခြင်း၊ ဇီဝဓာတ်ငွေ့ကန်များတည်ဆောက်ခြင်းနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ အင်ဂျင်နီယာနည်းပညာရပ်များအား ဟောပြောဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးရာ ပြန်လည်ရှင်းလင်းဖြေကြားပြီး အသင်းနာယကက နည်းပညာရပ်များဟောပြောပေးသော ဦးသန်းထွန်းဇော်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ဟောပြောပွဲသို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေးတိုင်းဒေသကြီး) ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့်အမှုဆောင်များ၊ အင်ဂျင်နီယာအသင်းဝင်များ၊ ရေနံပိုက်လိုင်းတည်ဆောက်ရေးအင်ဂျင်နီယာများ၊ နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**မောင်ပြည်သူ (မန္တလေး)**

## မန္တလေးဆိပ်ကမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း ဆောင်ရွက်မည်

**မောင်ပြည်သူ (မန္တလေး)**



မန္တလေးမြို့တော်ကို Smart City, Green City အဖြစ် ဖော်ဆောင်လျက်ရှိပြီး မန္တလေးမြို့ ဧရာဝတီမြစ်ကမ်းဘေးရှိ ကမ်းနားလမ်းကိုလည်း ၂၆ လမ်းမှ ၃၅ လမ်းအထိ နိုင်လွန်ကတ္တရာခင်းခြင်း၊ ညောင်ကွဲရပ်ကွက်မှ ၁၉ လမ်းအထိ ကွန်ကရစ်လမ်းမကြီးအဖြစ် ခင်းကျင်းကာ အဆင့်မြှင့်တင်လျက်ရှိသည်။ မန္တလေးဆိပ်ကမ်းကိုလည်း အဆင့်မြှင့်တင်၍ ကွန်တိန်နာကွင်း၊ ကုန်ပစ္စည်းသိုလှောင်ရုံများ၊ ဆိပ်ခံတံတား၊ ချဉ်းကပ်တံတား၊ ကုန်တင်စက်ကိရိယာတပ်ဆင်ခြင်းစီမံကိန်းကို ၂၀၂၀ ခုနှစ်အပြီး တည်ဆောက်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးဆိပ်ကမ်းအဆင့်မြှင့်တင်ရေးကော်မတီထံမှ သိရသည်။

မန္တလေးဆိပ်ကမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဧရာဝတီမြစ်ကမ်းဘေးရှိ သဲလုပ်ငန်းများကို ချော်ဆိပ်သို့လည်းကောင်း၊ ဝါးလုပ်ငန်းများကို ၁၉ လမ်းမြောက်ဘက်သို့လည်းကောင်း၊ ကုန်တင်ကုန်ချလုပ်ငန်းများကို ရွှေကြက်ယက်ဆိပ်ကမ်းသို့လည်းကောင်း အောက်တိုဘာလ တတိယပတ်အတွင်း လုပ်ငန်းများစတင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေကြောင်း ဆိပ်ကမ်းများနေရာချထားရေး ကော်မတီထံမှသိရသည်။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

မျက်နှာဖုံးမှ-

# အိမ်ထောင်ဦးစီး

နန္ဒမန်းကြယ် (တွင်းငယ်)

'ကလေကချေနဲ့ အိမ်တကာလိုက်ပြီး အလေလိုက်နေတဲ့ မိန်းမ' ဦးတင်ဝင်းတို့လင်မယားနှစ်ယောက်ရန်ဖြစ်နေကြသည်မှာ ကမ္ဘာပျက်သည့်အတိုင်းပင်။ ဖြစ်လိုက်လျှင်လည်း တုတ်ဆွဲ၊ ဓါးဆွဲ။ ဦးတင်ဝင်းက မိန်းမအပေါ်တော့ အတော်ကလေးနိုင်သည်။

'ဒုန်း . . . အုန်း . . . ခွမ်း' အိမ်ရှေ့ကွပ်ပျစ်မှ ကျဲနေသည့်ကြမ်းများကို ဓါးနှင့်ခုတ်ရင်း ပြောနေသည်။ ဤသို့ပြောလိုက်သောကြောင့် မိန်းမဖြစ်သူဒေါ်ငွေးပု မခံချင်။ ထို့ကြောင့် အိမ်ထဲမှ ဒေါ်ငွေးပုကလည်း ခပ်တိုးတိုးပြန်ပြော၏။

'ကျွန်မလျှောက်သွားနေတယ်ဆိုတာ ရှင်တို့စားဖို့ရှာနေတာ။ ရှင်မူးပြီး လျှောက်မပြောနဲ့' ဒေါ်ငွေးပု၏စကားကြောင့် ဦးတင်ဝင်းသည် အနာပေါ် တုတ်ကျဖြစ်ရသည်။

'ငွေးပု နင် သေတော့မယ်။ ငါ့ကိုမူးတယ်လာမပြောနဲ့'

'ဒိုင်း' ဦးတင်ဝင်းသည် ပြောပြောဆိုဆို ဓါးနှင့်ကြမ်းကိုခုတ်လိုက်ပြန်သည်။ ဒေါ်ငွေးပုကတော့ ဆန်ရွေးပင် မပျက်။ သည်လောက်တော့ ဒေါ်ငွေးပုက ရိုးနေပြီ။ ထို့နောက် ဒေါ်ငွေးပုက ခပ်တိုးတိုးလေး ထပ်ပြောလိုက်ပြန်သည်။

'အမူးသမားက အမူးပါး။ မူးတယ်ပြောတော့ မကြိုက်ဘူး။ ရှင့်လုပ်စာ အိမ်ကလူတွေ ဘယ်သူမှ မစားရဘူး။ လာမပြောနဲ့ ရှင့်အကြောင်း မသိတာမှတ်လို့'

ဒေါ်ငွေးပု၏စကားကို ဦးတင်ဝင်း ကြားပုံမပေါ်ချေ။ ကြားသွားလျှင်လည်း လွယ်မည်မဟုတ်ပေ။ လွန်ခဲ့သောလ ကပင် ဦးတင်ဝင်းက ဒေါ်ငွေးပုကို ရိုက်လိုက်သောကြောင့် မနည်းပြန်ကုထားရသည်။ သည်လိုခံရဖန်များတော့ ဒေါ်ငွေးပုခမျာ နားတွေလည်းလေးနေပါပြီ။ တစ်ခါတလေ ဒေါ်ငွေးပုသည် သတိတွေမေ့နေတတ်သေး၏။ ဦးတင်ဝင်းက သားသမီးလေးယောက်နှင့် မယားကို ရှာကျွေးနေသူဟုသာ အမည်ခံသည်။ ဒေါ်ငွေးပုရှိ၍ သည်မိသားစု စားဝတ်နေရေးပြေလည်နေသည်။ ဦးတင်ဝင်း၏အလုပ်လုပ်ပုံကလည်း မဟုတ်။ ဦးတင်ဝင်းက စက်ပြင်ဆရာတစ်ယောက်ဖြစ်သည်။ ရပ်ကွက်ထဲမှာ စက်ပျက်၍ တစ်ယောက်ယောက်က-

'တင်ဝင်းရေ ငါ့ရေစုပ်စက်ပျက်နေလို့ ပြင်ဖို့လိုက်ခဲ့ပါဦးကွာ' ဟု လာခေါ်ပါက 'ဟုတ်ကဲ့ရပါတယ်။ သွားမယ်လေ။ ဆီပျောက်၊ မီးပျောက်လောက်နေမှာပါ' ဟုဆိုကာ နှစ်ခါ မခေါ်ရသူ။ ချက်ချင်းထ၍လိုက်တတ်သည်။



သူစိမ်းနှင့်ဆို ဦးတင်ဝင်းက သဘောမနောအလွန်ကောင်း၏။ အိမ်က မိန်းမ၊ သားသမီးများနှင့်တွေ့လျှင် ဆေးခါးကြီးနှင့်တောက်တဲ့ဟု ဆိုရပေမည်။ အလျှဉ်းမတည့်ပေ။ စက်ပြင်ထွက်သွားပြီဆိုလျှင်လည်း နေဝင်မိုးချုပ်မှ အိမ်ပြန်လာတတ်သည်။ အိမ်ပြန်ရောက်၍ မိန်းမက စက်ပြင်ခတောင်းလျှင် ပြဿနာရှာသေး၏။ စက်ပြင်ခသည် အိမ်သို့ပါမလာတတ်။ အကြောင်းမှာ စက်လာပြင်ခိုင်းသည့် အိမ်က တစ်ဝိုင်းလောက်တည်ပေးသည်။ သည်လိုတည်ခင်းပြီး ပိုက်ဆံမပေးလိုက်သည်ကိုပင် ဦးတင်ဝင်းကျေနပ်၍ ပြန်လာတတ်လေသည်။ ထိုသို့သောက်လာသည်ကို မဝလျှင် သူ့ရှိသည့်ပိုက်ဆံနှင့်ဆိုင်မှာ ဘီယာနှစ်ဘူးလောက် ဝင်ဆွဲသေးသည်။ ပိုက်ဆံရှိလျှင်လည်း မိန်းမလက်ထဲ မထည့်ပေ။ မိသားစုတော့ ဘယ်လိုနေနေဆိုသည့် လူမျိုးဖြစ်၏။ ရန်စကားပြောတာက ပိုသေးဆိုတော့ ဒေါ်ငွေးပုခမျာ 'ဒီပုံစံနဲ့တော့ ကျွန်မတို့မိသားစု မလွယ်သေးဘူး ကိုတင်ဝင်းရယ်' ဟု ညည်းရုံကလွဲ၍ မည်သို့မျှမတတ်နိုင်ရှာပေ။

× × × × × × ×

အရိုးစွဲနေသည့်ဦးတင်ဝင်း၏အကျင့်က တစ်နေ့တစ်နေ့ပိုဆိုးလာသည်။ အချိန်ရှိသမျှ အရက်လေးတမြမြ။ သားသမီးများသည်လည်း ဖအေက အမြဲမူးနေတော့ သိပ်ခန့်သည်မဟုတ်ပေ။ ကလေးများ အရွယ်ရောက်နေကြသောကြောင့်လည်း ဖြစ်သည်။ အကြီးကောင်လေးကဆို ဖအေဆုံးမသည်ကို မခံတော့ပေ။ ပြန်လှန်ပြောခြင်းတွေ လုပ်နေပြီ။ မအေကထိန်းနေ၍ တော်သေးသည်။ ဒေါ်ငွေးပုစိုးရိမ်သည်မှာလည်း အဲသည့်သားအကြီးလေးကိုပါ။ ဘာကြောင့်လဲဆိုတော့ သည်ကောင်လေးက သောက်တတ်၊ စားတတ်နေပြီ။ ဖအေကမူး၊ သားကမူးနှင့် မျက်နှာချင်းဆိုင်တွေ့လို့ တစ်ခုခုဖြစ်ကြမှဖြင့် ဒေါ်ငွေးပု ရင်ကျိုးရမှာအမှန်ပင်ဖြစ်၏။ ထို့ကြောင့် ဦးတင်ဝင်းစက်ပြင်သွားသည့်အချိန်ဆို ဒေါ်ငွေးပုက သားသမီးများကို 'သားတို့ မင်းအဖေကို ပြန်မပြောရဘူးနော် ကြားလား။ ဆိုးဆိုး၊ ကောင်းကောင်း ကိုယ့်အဖေနော်။ ကိုယ်လုပ်ရင် ကိုယ့်အမှားနော်။ မူးနေလို့ စကားမပြောချင်ရင် တော်တဲ့နေရာသွားနေလိုက်' ဟု ပိပိရိရိဆုံးမတတ်သည်။ သို့သော် ဦးတင်ဝင်းက သည်လိုမဟုတ်ချေ။ ထစ်ခနဲရှိ ဆဲဆိုပြီးရိုက်မည်ချည်းလုပ်တတ်သည်။ နားဝင်အောင် မပြောတတ်။ ပြောလည်း မပြော။ ထို့ကြောင့် အကြီးကောင်လေးက ဖအေကို ခွာရာတိုင်းနေတော့သည်။

'ကျုပ်ကို လာမပြောနဲ့။ ခင်ဗျားက ပိုက်ဆံဘယ်လောက်ဝင်လို့လဲ'။ သည်လိုအချိန်ဆို ဒေါ်ငွေးပု ရင်တမမ ဖြစ်နေရရှာ၏။ ဖအေက စိတ်ကတော်တော်ရယ်။ ထလုပ်လိုက်မှဖြင့် ကြားမကောင်းဖြစ်တော့မည်။ အကြီးကောင်လေးကလည်း စက်ပြင်တတ်ပါသည်။ သို့သော် အလုပ်ကောင်းကောင်းမလုပ်။ စိတ်ပါလို့ အလုပ်လုပ်ရင်တောင် မအေဆီပိုက်ဆံမရောက်ပေ။ သည်ကြားထဲ ပိုက်ဆံမရှိလျှင် မအေဖြစ်သူက ပေးရသေးသည်။ ဒေါ်ငွေးပုကတော့ သားအဖနှစ်ယောက်တွဲပြီး အလုပ်လုပ်စေချင်သည်။ သည်လိုဆို မိသားစုအဆင်ပြေမည်။ ယခုတော့ ဖအေအလုပ်ကပိုက်ဆံမရ၊ သားကလည်း အားမကိုးရဆိုတော့ စားဝတ်နေရေးမှအနိုင်နိုင်ရယ်ဟု ဆိုရပေမည်။ ဒေါ်ငွေးပုက အသုံးအစွဲသိုသိပ်လို့ တော်သေးသည်။ တစ်နေ့တစ်နေ့ ဒေါ်ငွေးပု၏သောကတွေကလည်း များလှသည်။ ညနေရောက်လို့ ယောကျ်ားဖြစ်သူအချိန်မှန်ပြန်မလာလျှင် တမော့မော့နှင့်မျှော်ရသည့်သောက။ မူးပြီးလမ်းမှာလဲနေမလားဟု ပူရသည့်အပူ။ ရန်ဖြစ်ပြီး ထိပ်ပေါက်ခေါင်းကွဲတွေများ ဖြစ်နေမလားဟူသောအတွေးများဖြစ်လေ၏။ သည်နှစ်ဆို အငယ်ကောင်ကိုရင်လေးက အသက်နှစ်ဆယ်ပြည့်ပြီး ပဥ္စင်းခံချင်တယ်ဟု ပြောထားသည်။ သို့သော် ခုတော့ ကိုရင်ကြီးဘဝဖြင့် နေနေရသည့်သားအတွက် ပူရသည်လည်း တစ်မျိုးရှိသေး၏။ အလတ်ကောင်က မအေ့အပေါ်သိရှာ၍ တော်သေးသည်။ သို့သော် သည်ကောင်လေးက စိတ်သိပ်မနှံ့။ တောက်တိုမည်ရလောက်သာ ခိုင်းလို့ရသည်။ ဝင်ငွေရဖို့ ခိုင်းမရပေ။ အငယ်ဆုံးမလေးကလည်း ဆယ်တန်းရောက်နေပြီ။ အများကဲ့သို့ ဝတ်ချင်စားချင်သည့်အရွယ်။ အမေဟိုဟာလိုသည်။ သည်ဟာလိုသည်ဆိုတော့ ဒေါ်ငွေးပု ဘယ်ကငွေနှင့်ထုတ်ပေးမည်လဲ။ အရွယ်ရောက်နေသည့် မိန်းကလေးတွေဟာ ဗာယီရအသုံးအဆောင်ပစ္စည်းတွေက လိုသေးသည်။ ဒေါ်ငွေးပုက သမီးလေးကို အများနှင့်တန်းတူ နေစေချင်သည်။ သည်သောကတွေကို ဦးတင်ဝင်းမသိ။ မိသားစုအရေးကို ဦးတင်ဝင်း စိတ်လည်းမဝင်စား။ ဦးတင်ဝင်း အလုပ်လုပ်နေတာကလည်း မိသားစုမစားရ။ ဒေါ်ငွေးပုခမျာ အကျဉ်းကြားအကျပ်။ အိမ်ထောင်ဦးစီးကိုယ်တိုင်က စီးပွားရေးမသိ။ ကြီးပွားရေးနားမလည်လုပ်နေသည်ကို ဒေါ်ငွေးပုမကြိုက်ပေ။ ဦးတင်ဝင်းက မိသားစုအတွက် ခေါင်းထဲမထည့်။ သူ့တစ်ဝမ်းတစ်ခါးစားနေသောက်နေရလျှင် ကျေနပ်နေသည့်လူ။ ထို့ကြောင့်ဦးတင်ဝင်းနှင့် ဒေါ်ငွေးပု ရန်ဖြစ်ကြသည်ကလည်း တကျက်ကျက်။ သည်လိုတွေကြောင့် ဒေါ်ငွေးပုက ကွဲမယ်ပြဲမယ်ချည်းလုပ်နေတော့သည်။ ကလေးတွေက ငိုပြီးဝိုင်းပြောကြလို့ သားသမီးတွေမျက်နှာနှင့် ပေါင်းနေခြင်းဖြစ်၏။ တလောက ဒေါ်ငွေးပုအိမ်ပေါ်က ဆင်းသွားတာ ခုနစ်ရက်လောက်ရှိသည်။ ဒေါ်ငွေးပု သည်လိုလုပ်လည်း မိသားစု၏သခင်ဖြစ်သော အိမ်ထောင်ဦးစီး ဦးတင်ဝင်းကတော့ မပြောင်းလဲရေးချ မပြောင်းလဲပေ။

'ကိုတင်ဝင်း ခင်ဗျားသားလေးမီးလောင်ခံရလို့ လူမှုကူညီရေးကားနဲ့ မိုးမိတ်သယ်သွားကြပြီ' ဟု ဒေါ်ထွေးက လှမ်းအော်ပြောသည်။ ထိုအချိန်တွင် ဦးတင်ဝင်းခေါင်းမီးတောက်သွား၏။ သားအတွက်မို့ ဦးတင်ဝင်း ပြူးတူးပျာတာဖြစ်သွားပြီး 'ငွေးပု တို့ဘယ်လိုလုပ်ကြမလဲ' လှမ်းပြောသည်။ ထိုအခါ ဒေါ်ငွေးပုက 'ဘာလုပ်ရမလဲတော် လိုက်သွားရမှာပေါ့' ပျာပျာသလဲဖြင့် ပြန်ဖြေသည်။ လင်မယားနှစ်ယောက် ခေါင်းမီးတောက်သွားကြ၏။ ဦးတင်ဝင်းကတော့ ဒေါ်ငွေးပုကို ဘယ်လိုလိုက်မလဲ။ ဘယ်မလဲငွေဆိုသည့်သဘောနှင့်ပြန်ကြည့်လိုက်သည်။ ယခုတော့ ဦးတင်ဝင်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတော့ပေ။ မိုးမိတ်ဆေးရုံက

စာမျက်နှာ ၁၇ သို့-

စာမျက်နှာ ၁၆ မှ-

အဝေးကြီး။ သားက ဘယ်လိုဖြစ်တာလဲ ဂဃနဏမသိကြသေးပေ။ လောလောဆယ်ငွေလမ်းခင်းပြီး သွားရတော့မည်။ ဒေါ်ငွေးပုကတော့ သားအတွက်စိတ်ပူပြီး ' ကိုတင်ဝင်း ရှင်မနက်ဖြန်မှလိုက်ခဲ့။ ကလေးတွေအတွက် စီစဉ်စရာရှိတာစီစဉ်ပြီး ငွေငါးသိန်းလောက်ရှာလိုက်ဦး။ ကျွန်မသွားတော့မယ်' ဟုဆိုကာ ခရီးဆောင်အိတ်ထဲသို့ အဝတ်ထည့်နေသည့် ဒေါ်ငွေးပုကို ဖြတ်မေးပြန်သည်။

'ငွေးပု နင်က အခုခရီးစရိတ်ပိုက်ဆံရှိလို့လား။ ငါက ဘယ်လိုစီစဉ်ရမလဲ' ဟု လေးလေးပင်ပင်ပြောလိုက်သည်။ ဒေါ်ငွေးပုက အပူတွေကြားမှာပင် ယောက်ျားဖြစ်သူကို မိသားစုတစ်စုမှာ ငွေပိုငွေလျှံမရှိလျှင် မလွယ်ဘူးဆိုတာကို သိအောင် စီစဉ်ခိုင်းသည့်သဘော။ ထို့နောက် သည်လိုမေးလာမှာကို သိပြီးသားဆိုသည့် မျက်နှာနှင့်ပြန်ပြောလိုက်သည်။

'ပိုက်ဆံရှိတာ မရှိတာ မပြောတော့နဲ့။ ဒါက ကျွန်မတို့သား။ သားလောက်အရေးကြီးတာ ဘာမှမရှိဘူး။ ရှင်လိုက်ချေပေါ့'။ ဒေါ်ငွေးပု သားအတွက်ပူနေသူဖြစ်လို့ ဒေါသသံပါသွားသည်။ အဲသည်လိုအော်လိုက်တော့လည်း ဦးတင်ဝင်း မျက်နှာငယ်လေးနှင့်ဘာမျှတော့ ပြန်မပြောရှာပေ။ ဒေါ်ငွေးပုက မှီရာကားနှင့်မိုးမိတ်ဆေးရုံကို လိုက်သွားရပြီ။ လမ်းစရိတ်က ဒေါ်ငွေးပုကပ်ထားသည့် ငွေလေးရှိလို့ တော်သေးသည်။ ဦးတင်ဝင်းကတော့ မှိုင်တွေချပြီး အိမ်မှာကျန်ခဲ့ရှာ၏။ နံနက်စောစောမှာ ဒေါ်ငွေးပုဆီက ဖုန်းဝင်လာသည်။

'ကိုတင်ဝင်း မှီရာကားနဲ့ငွေယူပြီး အမြန်လိုက်ခဲ့ပါ' ဟု မှာနေသည်။ သည်ကဖြင့် ကလေးတွေအတွက် ဘာမှမစီစဉ်ရသေးပေ။ ငွေကိုလည်း ဘယ်ကမှ မဆွဲရသေး။ ယခုတော့ အိမ်ထောင်ဦးစီးကြီး ဘာမှမစီစဉ်တတ်တော့ပေ။ သောက်ပြီး မိန်းမရန်ရှာဖို့ပဲသိသည့် ဦးတင်ဝင်း ယခုတော့ဘာမှမတတ်နိုင်ရှာ။ အရက်တစ်ဝိုင်းစာနှင့် စက်ပြင်ဖူးသည့်အိမ်များကို ပိုက်ဆံလိုက်ချေးသည်ကလည်း မရပေ။

'ကျုပ်သားလေးအတွက် ငွေလိုလို့ပါဗျာ။ ငွေငါးသိန်းလောက် လှည့်ပေးပါဦးဗျာ'

'အေး တင်ဝင်းရေ တို့ကလည်း ဟိုနေ့ကမှ နွားစာစင်းစက်ဝယ်လိုက်လို့ရှိတော့ဘူး'

တောင်းတောင်းပန်ပန် ချေးသော်လည်း အိမ်တွေစုံသွားသည်။ တစ်ပြားမျှ မရခဲ့ပေ။ ယခုတော့လည်း ဦးတင်ဝင်းခမျာ မျက်ရည်တွေဝဲလို့။ ကိုယ့်မရှိလျှင် မလွယ်ဘူးဆိုတာ ယခုမှသိသွားပုံပေါက်သည်။ တော်သေးသည်။ သူ့ညီမလေးက 'ရော့ အစ်ကို လိုတဲ့ပိုက်ဆံ။ ကလေးက မသက်သာဘူးတဲ့။ ဖုန်းတွေဆက်လှပြီ။ ကလေးတွေအတွက် ပူမနေနဲ့အစ်ကို။ သွားတော့' ဟုဆိုကာ ငွေထုတ်ပေးသည်။

ဦးတင်ဝင်း ညီမဖြစ်သူကို ဘာမျှတော့ ပြန်မပြော။ ပေးလာသည့်ငွေကိုယူလိုက်သည်။ ပြီးတော့ ငွေလေးကိုင်လို့ မိုးမိတ်ကိုလိုက်သွားသည်။ ဟိုရောက်တော့ အကြောင်းစုံသိရပြီ။ သားကြီးဖြစ်သူက သောက်ရင်းစားရင်း တစ်ယောက်နှင့်တစ်ယောက် စရာနောက်ရာကနေ ဖြစ်သွားခြင်းဖြစ်၏။ မီးပူလောင်ခံထားရသည့် သားကိုကြည့်ရင်း နောင်တရသလိုပုံနှင့်ဦးတင်ဝင်း။ အရက်ကလေး တမြမြနှင့်မိန်းမကို ရန်ရှာသည့်ဦးတင်ဝင်း။ မိသားစုရှေ့ရေးကိုမကြည့်ဘဲ အလုပ်ကိုပေါ့ပေါ့တန်တန်လုပ်သည့် ဦးတင်ဝင်း။ သားသမီးကို ကောင်းကောင်းမကိုင်တွယ်ခဲ့သည့်ဦးတင်ဝင်း။ အိမ်ထောင်ဦးစီး ဦးတင်ဝင်း။ ယခုတော့ ဘာမျှမတတ်နိုင်တော့ချေ။ ဒေါ်ငွေးပုက 'ကိုတင်ဝင်း ဒါက အိမ်ထောင်ဦးစီးကောင်းတဲ့လားရှင်။ အခုတော့' ဟု အပြစ်တင်လည်း ခံရလေတော့မည်။ ခုတော့ ဦးတင်ဝင်းခမျာ ဝေဒနာသည်သားဖြစ်သူကိုကြည့်ပြီး မျက်ရည်စမ်းတမ်းတမ်းနှင့် နောင်တရနေသယောင်ယောင်။ သားကြီးအတွက်တော့ မရှိရေ၊ ရှိရေနှင့်ကုပေးကြရဦးမှာပေါ့။ သည်ဟာကလည်း ဒေါ်ငွေးပုတာဝန်ပဲလေ။

❑

## ကမ္ဘာ့စီးပွားရေးပြောင်းလဲလာမှုများနှင့် မြန်မာ့စီးပွားရေးဈေးကွက်ဖော်ဆောင်မှု ဟောပြောဆွေးနွေး



ကမ္ဘာ့စီးပွားရေးပြောင်းလဲလာမှုများနှင့် မြန်မာ့စီးပွားရေးဈေးကွက်ဖော်ဆောင်မှုဟောပြောဆွေးနွေးပွဲကို အောက်တိုဘာလ ၁၉ ရက်နေ့ နံနက် ၉ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ အမေရိကန်သံရုံးပြန်ကြားရေးဌာနခွဲ ဂျက်ဖာဆန်စင်တာ ခန်းမတွင်ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဝင်များ၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ လူငယ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးစိတ်ဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမေရိကန်ပြည်ထောင်စုသံရုံးယဉ်ကျေးမှုရေးရာအရာရှိ ဂျင်နီဖာအမ်ရှအတ်က အမှာစကားပြောကြားပြီး အာရှဒေသဆိုင်ရာစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုသုတေသနပညာရှင် Mr. Matthew G.Ferchen က ကမ္ဘာ့စီးပွားရေးပြောင်းလဲလာမှု၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ မြန်မာနိုင်ငံ၏ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာများ ဟောပြောပြီး တက်ရောက်လာသူများ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**


သက်ငယ်မုဒိမ်းမှုကင်းစင်ရေး
အားလုံးပူးပေါင်းပါဝင်ပေး

သက်ငယ်မုဒိမ်းမှုသည် ထောင်ဒဏ်နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်သည်

အခြေအနေ အချိန်အခါ နေရာမရွေး
သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်



သက်ငယ်မုဒိမ်းမှုဆိုသည်မှာ အသက် (၁၆) နှစ်အောက် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ မုဒိမ်းမှုကျူးလွန်ခြင်းကိုဆိုသည်

### ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်ရန်

-နေရာမရွေး၊ အချိန်မရွေး၌ မည်သူမဆိုမှ ကလေးသူငယ်များအပေါ် မုဒိမ်းမှု ကျူးလွန်နိုင်ကြောင်း အသိပညာပေးရန်၊
-မိဘ၊ အုပ်ထိန်းသူများနှင့် ရပ်ရွာလူထုအား ကလေးသူငယ်များအပေါ် သက်ငယ်မုဒိမ်းမှု ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးရန်၊

ရပ်ရွာလူထုမှ ဆောင်ရွက်ရန်

-မိမိနှင့် နီးစပ်ရာ ကလေးသူငယ်များကို မည်သို့သွားလာနေထိုင်ရမည်၊ မည်သို့ အကူအညီတောင်းရမည်၊ မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သင်ကြားထားသင့်ပါသည်။
- ကလေးသူငယ်နှင့် ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိပါက မေးမြန်းခြင်း၊ လိုက်လံကြည့်ရှုခြင်း ပြုလုပ်ပါ။



### ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

အုပ်ထိန်းသူများမှ ဆောင်ရွက်ရန်

-ကလေးသူငယ်အား တစ်ယောက်တည်း၊ အဖော်မပါဘဲ အပြင်သို့ မလွှတ်ရပါ။
-မိမိကလေးကို အကြောင်းကြောင်းကြောင့် ထားရစ်ခဲ့ရန် လိုအပ်ပါက ရပ်ရွာနှင့် ယုံကြည်စိတ်ချရသူများထံ အသိပေးအပ်နှံပါ။
-ကလေးအား မိမိ၏အိမ်လိပ်စာ၊ မိဘအား ဆက်သွယ်ရန် ဖုန်းနံပါတ်များအား အလွတ်ရရှိရေး သင်ကြားထားပါ။
-ကလေးသူငယ်၏ ထိတွေ့ကိုင်တွယ်ရန် မသင့်လျော်သည့် ပါးစပ်၊ရင်ဘတ်၊ လိင်အင်္ဂါ၊ စအို၊ တင်ပါးစသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ပါကငြင်းဆန်တတ်အောင် သင်ကြားပေးပါ။
-ကလေး၏ ထူးခြားမှုကို အမြဲသတိပြုပြီး ဂရုတစိုက်မေးမြန်းပါ။

ကလေးသူငယ်များမှ ဆောင်ရွက်ရန်

-ကလေးသူငယ်၏ထိတွေ့ကိုင်တွယ်ရန်မသင့်လျော်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ခြင်း၊ မလျော်မကန်ပြုမူခြင်းဆောင်ရွက်လာပါက ငြင်းဆန်ရန်၊ အော်ဟစ် အကူအညီတောင်းရန်၊ ထွက်ပြေးရန်နှင့် ယုံကြည်ရသူတစ်ဦးဦးအား ပြောပြတိုင်ကြားရန်။




### ဖြစ်ပွားသည်ကို သံသယရှိ/သိရှိပါက/ လက်ခံရရှိပါက/ မျက်မြင်တွေ့ရှိပါက

အမြန်ဆုံးတိုင်ကြားနိုင်ရေးကိုဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်-

- ◆ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး/ အဖွဲ့အစည်းများထံ အကြောင်းကြားရန်၊
- ◆ ရဲစခန်းသို့ ချက်ချင်းတိုင်ကြားရန်၊
- ◆ အစိုးရကျန်းမာရေးဌာန/ဆေးရုံသို့ သွားရန်၊
- ◆ သက်ဆိုင်ရာ ရဲစခန်းသို့ သက်သေခံပစ္စည်းဟု ယူဆရသည့် အရာမှန်သမျှကို မူလအတိုင်း တစ်ပါတည်းယူဆောင်လာရန်၊
- ◆ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်သွယ်ရန်။




- ကျူးလွန်ခံရသည်ဟုသံသယရှိသော ကလေးငယ်အား ပစ်ပယ်မထားဘဲလုံခြုံဘေးကင်းရာထားရှိပို့ဆောင်ပေးပါ။
- ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုများ လိုအပ်ပါသည်။
- ကျူးလွန်ခံရသူကို အပြစ်တင်ခြင်း မပြုရ။
- ကျူးလွန်ခံရသူ၏ ဆန္ဒမပါဘဲ အတင်းအကျပ် လက်ထပ်ထိမ်းမြားပေးခြင်း မပြုရ။

အရင်ကတည်းက 'တ' မိသည့် 'အရင်တ' ဖြစ်ခဲ့လျှင်ကောင်းမည်။ အခုတော့ 'နှောင်း' မှတသည့် 'နှောင်းတ' 'နောင်တ' ဖြစ်ခဲ့ရချေပြီတကော။

မည်သို့ပင်ဆိုစေ. . .။ နောင်တသည် နောင်တသာတည်း။

× × ×

လေးဆယ်ကျော်မှ ကံပေါ်ခြင်းသည် ကျွန်တော့်အဖို့ အကုသိုလ်ဝင်ခြင်းပင်ဖြစ်မည်ထင်၏။ သုံးဆယ့်ကိုးတစ်ရက်လျော့မှ ဆယ်တန်းစာမေးပွဲတံတိုင်းကြီးကို ကျော်တက်နိုင်ခဲ့သည်။ တစ်ကိုယ်တည်း လူပျိုကြီးဘဝမို့ တက္ကသိုလ်ပညာရည်နို့သောက်စို့ရန် အာသာဆန္ဒပြင်းလွန်းလှပါ၏။ တက္ကသိုလ်စာပေးစာယူသင်တန်းသည် ကျွန်တော်၏ပညာပါရမီကိုဖြည့်၏။ ဥပဒေအဓိကဘာသာဖြင့် အလုပ်သမားတက္ကသိုလ်ကျောင်းသားကြီးဖြစ်သတည်း။

× × ×

လာဘ်ပြီးသောအခါ စုတ်ဝင်တတ်မြဲ။ ပထမနှစ်စာမေးပွဲဖြေရန် မကွေးဒီဂရီကောလိပ်သို့ ရောက်ခဲ့ရသည်။ မကွေးဒီဂရီကောလိပ်၏ဆင်ခြေဖုံးဟုဆိုအပ်သော မင်းလှဆောင်တွင် နေခွင့်ရ၏။ မင်းလှဆောင်သည် ဆိတ်ငြိမ်ပါ၏။ ကောင်းပါ၏။ သို့သော် မိုးရွာလျှင် စွတ်စို၊ အဲ. . . မိုးယိုပါသည်။ ထို့ကြောင့် 'ချစ်' နှင့်ဆုံဆည်းရခြင်းဖြစ်ပါ၏။ ရှင်းပါမည်။

မိုးယိုသောအခါ အိပ်မရပါ။ စာကြည့်၍လည်း မရပါ။ ထို့ကြောင့် မိုးလုံလေလုံအဆောက်အအုံသစ်ကြီးဆီသို့သွား၍ စာကြည့်ပါသည်။ သည်တွင် 'ချစ်' နှင့်ဆုံတွေ့ရခြင်းဖြစ်ပါ၏။ ပထမအစတွင် ကျွန်တော်တို့စာကိုသာကြည့်ကြပါသည်။ နောက်တော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပါသည်။ မျက်လုံးချင်းဆုံသောအခါ ရင်ခုန်ကြပါ၏။ သည်စဉ်က ကံတရားသည် ကျွန်တော်နှင့်အချိတ်အဆက်တည့်၏။ ချစ်သည် ကျွန်တော်နှင့် ဘာသာတွဲတူနေလေသည်။ သည်ကာလများ၌ သိပြီးသောစာတို့သည် နားမလည်ခြင်းသို့ ရောက်၏။ ရှင်းပြီးသား သင်ခန်းစာတို့သည် ရှုပ်ခြင်းသို့ရွေ့ရှု၏။ ကျွန်တော်တို့နှစ်ဦးသားသည်ကား တတ်ယောက်ကားနှင့် ဟိတ်ထုတ်ခါနေလေသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ပျော်စရာအတိပြီးသည်ကား ဧကန်။

× × ×

# ထိုင်နေလျှင်ကောင်းသားပေါ့ ချစ်ရယ်

**ဖိုးစော (သန်လျင်)**

အနီးကပ်သင်တန်းရက် လွန်မြောက်သောအခါ ကျွန်တော်နှင့်ချစ်တို့သည် မကြေညာသော အချစ်စစ်ပွဲကိုပြိုင်တူနွဲခဲ့လေပြီ ထင်မိ၏။ သို့ရာတွင် တမူထူးခြားသည်မှာ ချစ်သည် သူမ၏အကြောင်းကို တစ်လုံး



တစ်ပါဒမျှ ဖွင့်ဟပြောကြားခြင်းမရှိခဲ့ပါချေ။ ထို့အတူ ကျွန်တော်ကလည်း ကျွန်တော်၏မဟာဝင်ကို စာတင်ကာ ညွှန်းဆိုခြင်းအလျဉ်းမပြုခဲ့ပါလေ။ မည်သို့ပင်ဆိုစေ . . . ချစ်သည် ဧရာမြစ်အနောက်ဘက်ကမ်း၏ တစ်ခုသောမြို့မှ လှတစ်ပါးဖြစ်သည်ဆိုသည်ကိုတော့ ကျွန်တော်ရိပ်စားနားလည်လိုက်ပါသည်။

တစ်နေ့သောဆည်းဆာချိန်မှာ ချစ်နှင့်ကျွန်တော်တို့ ဖိုးလပြည့်တီးဟောက်မှာ ဆုံတွေ့ကြသည်။ လက်ဖက်ရည်အတူသောက်ရင်း စကားဖောင်ဖွဲ့မိလေသည်။

'ကို . . . ကို. . . အဲ. . . ကို'

'မောင်မောင်ဝင်းပါ။ ကိုဝင်းလို့ ခေါ်နိုင်ပါတယ်'

'ကိုဝင်း . . . သူများတို့မြို့ကို အလည်လိုက်ခဲ့ပါလား'

'သူများဆိုတာ ဘယ်သူလဲ'

'. . . . .' ချစ်က စကားမဆိုပါ။ အရှက်မျက်နှာကို ခပ်ဝှက်ဝှက်ထားရင်း . . .။ ခေါင်းကိုသာ တွင်တွင်ငုံ့ထားပါသည်။

'သူများကို နောက်တွေ့ရင် ဘယ်လိုခေါ်ရမလဲ'

'ကိုဝင်း ကြိုက်သလိုခေါ်ပေါ့'

'ချစ်လို့ခေါ်မယ်ဆိုရင်ရော' ချစ်ထံမှ ခွန်းတုံ့ပြန်ခြင်းမရှိပါ။ ချစ်၏ သွယ်လျသော လက်ချောင်းကလေးများသည် အပြစ်မဲ့စားပွဲပေါ်၌ ဟိုသည်ပြေးလွှားနေပါသည်။

'စာမေးပွဲပြီးရင် လိုက်လည်ပါလား' ချစ်က ဒုတိယအကြိမ် ဖိတ်မန္တကပြုပြန်ပါသည်။ စူဠလိပ်ကို ရေကူးသင်လျှင် ကြာတတ်ပါသည်။ ကျွန်တော်ကမူ . . .။

'ဟို အနောက်ဘက်ကမ်းက နေဝန်းနီနီကြီး ဝင်သွားတဲ့မြို့လေ'

ထိုအချိန်၌ အနောက်ဂေါယ ငမောဟသည် လောကရောင်ဝါထွန်းလင်းဖြာသည့် ရာဇာဘာနုဝါလုလုကို ကြက်ဥနှစ်ကို စုပ်မျိုလိုက်သလို ဝင်လုဆဲဆဲနေဝန်းနီကို ချစ်က မျက်စောင်းတင်းရင်း ဆိုသည်။ ပြီးတော့ ပြုံးသည်။ ပါးချိုင့်ကလေး နှစ်ဖက်သည် ကကြိုးညီစွာလှုပ်ရှားသွားလေ၏။ ချိုပြုံးအား တစ်ဖက်သတ်ကြိတ်ပိုးခဲ့ရသော ကျွန်တော်၏အချစ်တို့သည် ချစ်ထံသို့စုပြုံရောက်ရှိသွားလေသည်။

'အဲဒီမှာ သိပ်လှတဲ့ကောင်မလေးတွေ အများကြီးရှိတယ်လေ။ ဒါပေမဲ့ တခြားမြို့က ကောင်ကလေးတွေ လိုက်ရင်တော့. . .'

'ဘာဖြစ်လဲ. . . သူတို့က ပန်းကုံးစွပ်ပြီး ကြိုတယ်လား'

'ဟင်း. . . ဟင်း. . . ကြိုလိမ့်မယ် အားကြီးကြီး' အရေးကောင်းလျှင် သံချောင်းဖျက်တတ်ပါသည်။

'ဒေါင်. . . ဒေါင်. . . ဒေါင်'

'ဟော အဆောင်ပိတ်တော့မယ်။ သူများပြန်မယ်နော်'

သမင်မသဏ္ဍာန် အသော့လေးပြေးထွက်သွားသည့် ချစ်ကိုကြည့်ရင်း သက်ပြင်းရှည်ကြီးချမိသည်။ စာရင်းချုပ်သော်. . .

'နံပါတ်သုံးက လက်ဖက်ရည်ဖိုး ငါး. . . ဟော့'

× × ×

အပျက်အပျက်နှင့် စာမေးပွဲကြီးစလေပြီ။

မြန်မာစာ စဖြေသည်။ အဖုအထစ်မရှိ။ အင်္ဂလိပ်စာဖြေသည်။ အဆင်ပြေပါ၏။ ယုတ္တိဗေဒဖြေမည့်နေ့ရောက်လာသည်။ ခြံ့ယူ၊ ထုတ်ယူ၊ စမ်းချင်ရာစမ်း မောင်ဘဂျမ်းဟု ခေါ်နိုင်ပါသည်။

ဘောဂဗေဒမေးခွန်းကား ပုပ္ပားတောင်တက်သည့် မော်တော်ကားလမ်းလိုပါကလား။ မည်သို့ပင်ရှိစေ အဒမ်စမစ်၊ ရီကာဒို၊ ကိန်းနှင့်မတ်(စ်)တို့၏ တပည့်ရင်းပီသစွာ ရင်ကိုကော့ဖြေလိုက်မည်။ သို့စဉ်လျက် ကြမ္မာဆိုးက အငြိုးနှင့်လှောင်လေသည် ထင့်။ သည်နောက်ဆုံးဘာသာတွင်မှ ချစ်က တစ်နာရီပြည့်အောင်မဖြေဘဲ အဖြေလွှာအပ်၍ထွက်သွားသည်။ သည်အတိုင်းဆိုသော် သည်ဘာသာတွင် ချစ်ကျရှုံးမည်မလွဲတည်း။ ချစ်ကျ၍ ကျွန်တော်အောင်ခဲ့သော် လာမည့် . . . လာမည့်နှစ်များတွင် ချစ်နှင့်ကျွန်တော် ကျွန်တော်နှင့်ချစ်. . .

အတွေးများက ချာချာလည်ကုန်သည်။ နှလုံးသားက ပွက်ပွက်ဆူချေသည်။ နှလုံးသား၏အလိုကို ဟန့်တားခြင်းငှာ ဦးနှောက်သည် တတ်နိုင်စွမ်းမရှိတော့။ အဓိပ္ပာယ်မဲ့သော စွန့်စားခြင်းအမှုကိုပင် မဟာစွန့်လွှတ်မှုဟူ၍ တင်စားကာ နေရာမှ ခြေစုံရပ်လိုက်သည်။ အဖြေလွှာကို အပ်သည်။ ဦးခေါင်းကိုမော့၊ ရင်ကိုကော့လျက် အသော့စားထွက်ခဲ့သူ ကျွန်တော်။ မျက်ရည်ဝေ့ဝဲဝမ်းနည်းခြင်းသည်းစွာဖြင့် တွေတွေရပ်လေသူ ချစ်ကိုတွေ့ရသည်။

'ချစ်ရယ် ကြိုးစားပြီးဖြေကြည့်ဖို့ ကောင်းပါတယ်'

'သူများမှ မဖြေနိုင်တာ။ ကိုဝင်းကော ဘာပြုလို့မဖြေတာလဲ'

'ချစ်မှ မဖြေတာ'

'အိုး. . . ဘာဆိုင်လဲ'

'လက်ဖက်ရည်ဆိုင်၊ လာ. . . သွားမယ်။ ဟိုရောက်မှ ဆက်ပြော'

ဖိုးလပြည့်သို့ ဒုတိယမ္ပိ ရောက်ခဲ့ကြပြန်သည်။

'ကိုဝင်းဆက်ဖြေဖို့ ကောင်းတယ်'

'မလိုပါဘူးချစ်ရယ်။ ဆပ်ပလီကျမှ ချစ်နဲ့အတူဖြေမယ်'

ကျွန်တော့်စကားကို ချစ်ကနားမလည်နိုင်သလို ငေးကြည့်နေသည်။ ထူးဆန်းသောသတ္တဝါတစ်ကောင်ကို အမှတ်မထင် တွေ့မြင်ရသည့်အလားတအံ့တသြဖြစ်နေရှာသည်။ ဤသည်ကိုပင် ကျွန်တော်မြတ်က 'အပြတ်မိုက်သည့် ငါ' ဟူ၍ ဂုဏ်ယူတော်မူသတဲ့။

'ကဲ ချစ်. . . ပြောလေ. . . ဘာပြောချင်သလဲ'

'သူများ သွားတော့မယ်နော်။ မနက်ဖြန် ပြန်မယ်လေ'

'နေ. . . နေပါဦးလား ချစ်ရယ်'

'မနေနိုင်တော့ဘူးရှင်ရေ. . . အိမ်ကိုလွမ်းလှပြီ။ ကဲ . . . သွားမယ်နော်'

'ဟုတ်. . . ဟုတ်ကဲ့'

စာရင်းချုပ်သော်. . .

'နံပါတ်သုံး. . . လက်ဖက်ရည်ဖိုး ငါး. . . ဟော့'

× × ×

စာမေးပွဲရှုံးသည်။ ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်မရှိတော့။ ချစ်နှင့်ခွဲခွာရသည်မှာ ခုနစ်လတိုင်ကြာခဲ့ပြီမဟုတ်ပါလား။ အခုတော့ နောက်ဆက်တွဲစာမေးပွဲဖြေရန် သလွန်မြေသို့ တစ်ကျော့ပြန်လှမ်းရပေဦးမည်။ ကျွန်တော်မပျော် မည်သူပျော်မည်နည်း။ တစ်ဘာသာတည်းပြန်ဖြေရမည်ဖြစ်ပါလျက် ခုနစ်ရက်စောစွာ ချောက်မြို့မှထွက်ခဲ့သည်။ ဖန်ခါးမြေကို ခြေချမိသည်နှင့်လန်းဆန်းပေ့ါပါးသွားသည်ဟု ခံစားရ၏။ ကောလိပ်နှင့်အနီးဆုံးအိမ်တစ်ဆောင်မှာ နေသည်။ ချစ်ကိုရှာသည် မတွေ့။ နောက်တစ်နေ့ထပ်ရှာသည်။ အရိပ်အရောင်မျှ မမြင်ရ။ မတွေ့မမြင်လိုသူ အပေါင်းအသင်းများနှင့်မူ နေရာတိုင်းမှာ တွေ့သည်။ သူတို့ကား ကျွန်တော်နှင့်ဘဝတူ ဆပ်ပလီထိခဲ့သူများ။

'ဟေ့ကောင်ကြီး. . . နင် ဆပ်ပလီလာရတယ်။ ဘယ်ဘာသာထိသလဲဟ'

'ဘောဂ'

'မင်းကော. . .'

'ဘောဂ'

'ဟိုကောင် ဖိုးတင်ဝင်းလည်း တွေ့ပါတယ်. . . သူကော'

'ဘောဂ'

'ဟေ. . . မြင်မြင်သမျှ ဘောဂ၊ ဘောဂနဲ့ . . . သြချစရာပါလားနော်'

'ဒါပေါ့ကွာ မြတ်စွာဘုရားအလောင်းတော်မှ ဘုရားမဖြစ်ခင် မာရ်နတ်ဖျက်သေးတာပဲ တို့ရွှေနေလောင်းတွေလည်း ဒီလောက်တော့ ဖြစ်ရမှာပေါ့ . . . ဟုတ်ဖူးလား'

'ကဲ. . . ကဲ မောင်ရင်နဲ့စကားပြောရတာ ကောင်းတယ်။ ဒါပေမဲ့ ငါ့ကိစ္စလေးတွေရှိနေလို့. . . သွားမယ်'

**စာမျက်နှာ ၁၉ သို့-**

**စာမျက်နှာ ၁၈ မှ-**

ကိုကြည်ဝင်းကိုကျောခိုင်းရင်း အချစ်ပျောက် ရှာပုံတော်ဖွင့်ရပြန်ပါသည်။ စပယ်ဆောင်တွင် ချစ်မရှိမှန်း သိပါသည်။ သို့စဉ်လျက် စပယ်ဆောင်မုခ်ဦးသို့ ခြေကျူးမိသည်လည်း အခါခါ။ မြတ်လေးဆောင်၌ ချစ်မရှိနိုင်ကြောင်း နားလည်ပါ၏။ သို့ပါလျက် မြတ်လေး၊ စံပယ်ပင်ယံထက်တွင် လိပ်ပြာငယ်ပမာဝဲပျံကာနေမိ၏။

နောက်ဆုံးတော့ အချစ်ကြီးသူ ကျွန်တော့်အဖို့ သောကတောမှာ မောရရှာသည်သာ။ သည်လိုနှင့် ဘောဂဗေဒဖြေရမည့်နေ့သို့ တိုင်ခဲ့၏။ ဖိုးလပြည့်ဆိုင်တွင် အတွေးလှိုင်ရင်း ငေးငိုင်နေမိသောကြောင့် စာမေးပွဲခန်းမသို့ ဆယ်မိနစ်နောက်ကျမှ ရောက်ခဲ့သည်။ ဘယ်ကိုမှ ကြည့်မနေအား။ ခုံနံပါတ်ကို ကဗျာကသီရှာဖွေ၍ နေရာမှာပင် ဝင်ထိုင်သည်။ အားပါးတရဖြေမိသည်။ တစ်နာရီ၊ နှစ်နာရီ၊ နှစ်နာရီ တစ်ဆယ့်ငါးမေးခွန်းလေးပုဒ်သာ ဖြေရသေးသည်။ ညောင်းလွန်းသောကြောင့် ဦးခေါင်းဟိုသည်လှည့်မိ၏။ အလို မြတ်စွာဘုရား၊ ကျွန်တော့် မဖုရားချစ်။ ချစ်ပါတကား။ အဖြေလွှာကိုအပ်လျက် အခန်းအပြင်ထွက်သွားပါပြီကော။ ကျွန်တော်ဘာလုပ်ရမည်နည်း။ ငါးပုဒ်အပြည့်ဖြေရမည့် မေးခွန်းကို လေးပုဒ်ထဲဖြေခဲ့သော် သိကြားမင်းဆင်းဖြေစေဦး ရှုံးမှာသေချာသည်။ နောက်ပြီးဖြေရသည့်ဘာသာတွဲက 'ဘောဂ'။ 'ကျောချ၍ ထောင်းလမောင်းကြေကာ နလံမထူနိုင်သူတွေလည်း ဒုနှင့်ဒေး'။ သည်ဘာသာတွဲက ကွင်းဆက်ကလေးများနှင့်ဖြစ်၏။ တစ်ခန်းနှင့်တစ်ခန်း အချိတ်အဆက်ရှိသည်။ တစ်အုပ်လုံးကိုခြုံမိ၍ ထောင့်စေ့အောင်ဖြေမှ မေးခွန်းကို သေသေချာချာဖတ်၍ မေးတာကို ဖြေမှတန်ကာကျသည်။ ကျောင်းသားဝေါဟာရနှင့်ဆိုရသော် 'အာလူးဆပ်ပဂျက်' မဟုတ်။ ခြေခြေမြစ်မြစ် သဘောမပေါက်သော် မီးသတ်မျှော်စင်ပေါ်က လွင့်စင်ကျသည့်နှယ် အကျနာမည်။

သည်တော့ ကျွန်တော်ဘာလုပ်ရမည်နည်း။ သိပ်တွေဝေမနေပါ။ အဖြေလွှာကို ထိုးအပ်လိုက်သည်။ သိန်းငှက်မျက်လုံးအစုံဖြင့် ချစ်ကိုရှာသည်။ ချစ်သွားရာလမ်းတို့တွင် ဖုန်မှုံ့တို့ရစ်သိုင်းကာ ကျန်ရစ်လေသည်။ ဖုန်နံ့သာတောကို ဖြတ်ကျော်ရင်း အပြင်းလျှောက်လှမ်းခဲ့၏။ ဟောတွေ့ပါပြီ။

'ဖိုးလပြည့်ဝန်း'

ဟုတ်ပါသည်။ ကျွန်တော်နှင့်ချစ်တို့၏ ဆုံဆည်းနေကျ နေရာဟောင်းကလေးပင်ဖြစ်ပါ၏။ သည်နေရာ၏နံပါတ်သုံးစားပွဲတွင် ချစ်ထိုင်နေပါသည်။ တစ်ယောက်တည်းထိုင်နေပါ၏။ အထီးကျန်ဆန်လွန်းသော ချစ်ကို ကျွန်တော်အသနားပိုမိပြန်ပါသည်။ ပုံ့ပုံ့ယုံ့ယုံ့ကလေးထိုင်ရင်း လက်ဖက်ရည်သောက်နေသော ချစ်သည် ပို၍ပို၍လှလာသည်ဟု ခံစားရ၏။ ကြည်နူးမှုရေအလျဉ်သည် နှလုံးအိမ်မှတသွင်သွင်စီးဆင်းနေသည်ကိုသိ၏။ ခုနစ်လတိုင်တိုင် မျိုသိပ်ခဲ့ရသော ချစ်စကားတို့သည် နှုတ်ဖျားသန္တာတွင် သီးစွာစုဝေးလျက်ရှိချေ၏။ အချစ်၏နက်ရှိုင်းသော သဘောတရားအထွေထွေကို ချစ်နားလည်စာနာတတ်စေရန် အဖန်ဖန်အထပ်ထပ် တရစပ်နှုတ်ခွန်းချွေရပေဦးမည်။ ထို့ကြောင့် . . .။

အလွင်ဆုံးအပြုံး၊ အချိုဆုံးမျက်လွှာဖြင့် ချစ်ရှိရာသို့ ကျွန်တော်လှမ်းလျှောက်ခဲ့ပါ၏။ ကျွန်တော့်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ချစ်ကနေရာမှ ဖြုန်းကနဲထကာ ထွက်သွားပါလေသည်။ ချစ်လက်ကိုဆွဲ၍ ဟန့်တားမည်ကြံပါသေး၏။

သို့သော် မဝံ့ရဲပါလေ။ ချစ်၏တစ်ကိုယ်လုံးကို သိမ်းကျုံး၍စေ့စေ့ကြည့်မိသည်။ ပုဂံလျှင်သည် ကျွန်တော့်နှလုံးသား၌ ဗဟိုပြုလျက် လှုပ်ခါခဲ့သည်ထင်၏။ ကျွန်တော်၏အသည်းနှလုံးတို့သည် တစ်စစီလွင့်စဉ်ကျေပျက်ကုန်ပြီဟု ခံစားရ၏။ ကောင်းပါသည်။ ဝေးရာသို့ ရှောင်ခွာသွားခြင်းသည်သာ ကျွန်တော်နှင့်ချစ်အတွက် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ အကယ်၍သာ ချစ်သည်သည်အတိုင်း ဆက်လက်ထိုင်နေခဲ့ပါလျှင် ကျွန်တော်သည် ကျွန်တော်ပြောလိုသည့် ဝေဒနာစကားတို့ကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ရင်ဖွင့်မိမည်မှာ သေချာပါ၏။ ထိုအခါ ဤလူ့ဘောင်တွင် မည်သူတစ်ဦးတစ်ယောက်မှ မပြုမူသေးသော အမှုထူးတစ်ခုကိုကျူးလွန်မိမည်မှာ ဧကန်ဖြစ်ပါ၏။

× × ×

စာရင်းချုပ်သော်. . .

ကျွန်တော်သည် နှစ်နှစ်ဖြေမှ တစ်တန်းအောင်သတည်း။

---

## 'လုံခြုံစိတ်ချ - သတင်းပေးကြ'

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် 'မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန' ကို နိုင်ငံတော်သမ္မတရုံး၏ ၂၂. ၆. ၂၀၁၈ ရက်စွဲပါ ရုံးအမိန့်အမှတ် (၁၈၇/၂၀၁၈) ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများအနေဖြင့်တိုင်ကြားနိုင်ရန် ယင်းဌာနတွင် သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့်အီးမေးလ်လိပ်စာများဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် ရုံးချိန်အတွင်း အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ်လိပ်စာတို့သို့ လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

---

## မြန်မာ့ကော်ဖီအရည်အသွေးမြှင့်တင်ရန်နှင့် ဈေးကွက်ပိုမိုချဲ့ထွင်ရေး မြန်မာ့ကော်ဖီပွဲတော် (၂၀၁၉) မန္တလေးမြို့တွင် ကျင်းပခဲ့

မြန်မာ့ကော်ဖီအရည်အသွေးမြှင့်တင်ရန်နှင့်ဈေးကွက်ပိုမိုချဲ့ထွင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာ့ကော်ဖီအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့ကော်ဖီပွဲတော် (၂၀၁၉) ကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိအားကစားကွင်းရှိဘက်စုံခန်းမတွင် အောက်တိုဘာလ ၆ ရက်နေ့က ကျင်းပခဲ့သည်။

မြန်မာ့ကော်ဖီပွဲတော်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ်၊ ဟိုပုန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တနင်္သာရီတိုင်း ကော့သောင်း၊ ခမောက်ကြီး၊ သံတောင်မြို့နယ်များမှထွက်ရှိသော နိုင်ငံတကာဈေးကွက်သို့တင်ပို့နေသည့် ကော်ဖီစေ့များ၊ အသင့်သုံးကော်ဖီမှုန့်များ၊ ကော်ဖီစိုက်ပျိုးနည်းပညာများ၊ ကော်ဖီကြိတ်စက်များအား ပြည်တွင်းပြည်ပကုမ္ပဏီများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကော်ဖီသီးနှံဌာနခွဲတို့မှ လာရောက်ပြသကြပြီး ကော်ဖီအရောင်းဆိုင်များ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် နှစ်ရက်ကြာပြသရောင်းချခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**




စက်မှုအလင်းဂျာနယ်တွင် သတင်းနှင့်ကြော်ငြာများအား
၀၆၇၃-၄၀၅၀၅၇၊ ၀၉-၇၇၀၀၄၇၆၅၉ သို့ ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# အကြံပိုင်တစ်ချက်

'တော့် ကိုဝင်းကျော်။ ကျုပ်တို့သားအမိတွေ အိမ်မှာမရှိဘူးဆိုပြီး အိမ်မကပ်ဘဲ ဟိုသွားသည်လာ လမ်းသလားပြီး လူပျိုလုပ်မနေနဲ့ဦး'

စနေ၊ တနင်္ဂနွေအလုပ်ပိတ်ရက်လေးမှာ မလွန်စက်ရုံနဲ့မနီးမဝေးက မိဘများထံ ညအိပ်ပြန်မည့်ဇနီးဖြစ်သူရဲ့ ပြောစကားကို တအင်းအင်းလိုက်ရင်း ဝင်းကျော်တစ်ယောက် သမီးဖြစ်သူအား အဝတ်အစားလဲပေးနေ၏။

အနီ ဝင်းကျော်ကလည်း သူ့မိန်းမပြောလျှင်လည်း ပြောချင်စရာပင်။ အိမ်မှာ သူ့မိန်းမနှင့်သမီးမရှိတော့တာနှင့် ဟိုစာရေးဆရာယောင်ယောင်၊ ကဗျာဆရာယောင်ယောင် ဘဒင်ဆိုသူနှင့် ဆိုင်ကယ်နှစ်ယောက်စီးပြီး သွားချင်ရာသွား၊ လာချင်ရာလာတတ်ပြီး ဆိုင်ပေါင်းစုံမှာ ယမကာလေးတမြမြနှင့် လုပ်တတ်သူ။ မိန်းမဖြစ်သူမလွင်အရှေ့မှာတော့ မခုတ်တတ်တဲ့ကြောင်။ ကွယ်ရာမှာတော့ တစ်ခါခုတ် နှစ်ကောင်မိတဲ့ကြောင်ပါး။

'ကျုပ်ဖုန်းဆက်လို့ အိမ်မှာမဟုတ်ဘဲ လမ်းမှာဆိုလို့ကတော့ ကျုပ်ပြန်လာတာနဲ့အတွေ့ပဲ။ ည ၇ နာရီဆိုတာနဲ့ ကျုပ်ဖုန်းဆက်မယ်။ ခါတိုင်းလိုပဲ အဲ့ဒီအချိန် ဘုရားရှစ်ခိုးနေတာပဲ လိုချင်တယ်နော် ကိုဝင်းကျော်'

'အေးပါမိန်းမရာ စိတ်ချစမ်းပါ။ ဟိုမှာ အကြိုလိုက်မယ့်ကားက ထွက်တော့မယ် လာ လာ'

တဗျစ်ဗျစ်တတောက်တောက်နှင့် မှာတော်မူနေသော မလွင်အမှာစကားကိုအာမဘန္တေခံရင်း အကြိုလိုက်မည့်ကားက ထွက်တော့မည့်အကြောင်းပြကာ သားအမိနှစ်ယောက်ရဲ့အဝတ်စားအိတ်ကို လက်ကဆွဲပြီး ဝင်းကျော် လောလိုက်လေတော့၏။

× × × × × × ×

ဝင်းကျော်တစ်ယောက် မိန်းမဖြစ်သူနှင့်သမီးဖြစ်သူ လိုက်ပါသွားသော ကားလေးပင်မျက်စေ့အောက်က မပျောက်သေး လက်ကိုင်ဖုန်းကိုထုတ်ကာ - 'ဟေ့ကောင် ဘဒင်။ ဒီနေ့ညနေ ၄ နာရီ နန်းစတော့မှာဆုံကြမယ်' တစ်ဖက်က ဖုန်းနားထောင်သူဘဒင်ကလည်း ချက်ဆိုနားခွက်က မီးတောက်ပြီးသား။ ဝင်းကျော်တစ်ယောက် သူ့မိန်းမလောလောဆယ်အိမ်မှာ မရှိဘူးဆိုတာရယ်။ ဘီယာလေး တမြမြလုပ်တော့မယ် ဆိုတာရယ်ကိုပေါ့။

× × × × × × ×

ဝင်းကျော် ရေမိုးချိုးအဝတ်အစားလဲပြီး ငွေအချို့အိတ်ထဲထည့်ကာ အိမ်တံခါးပိတ်အပြင်ထွက်မည့်အလုပ် တစ်စုံတစ်ခုကို သတိရဟန်နှင့်အိမ်ထဲပြန်ဝင်ပြီး ကြွပ်ကြွပ်အိတ်အမည်းတစ်လုံးနှင့် ထည့်ယူလာခဲ့၏။ ပြီးတော့ ဆိုင်ကယ်မှာကြွပ်ကြွပ်အိတ်ကိုချိတ်ပြီး သူငယ်ချင်းဖြစ်သူ ချိန်းထားသည့် နန်းစတော့စားသောက်ဆိုင်သို့ ထွက်ခဲ့တော့၏။

ဆိုင်ရောက်တော့ သကောင့်သား ဘဒင်က စည်နှစ်ခွက်အား အလွတ်ဘဝသို့ပြောင်းထားနှင့်ပြီး အပျိုရည်မပျက်တပျက် စည်တစ်ခွက်နဲ့ ငြိမ့်လို့။

'မင်းကွာ ငါလာအောင်တောင် မစောင့်ဘူး။ ဟေ့ စည်တစ်ခွက်ဟေ့' ဝင်းကျော်တစ်ယောက် အရင်ရောက်ပြီးသောက်နေသည့် ဘဒင်အား မကျေမနပ်ပြောရင်းက စည်တစ်ခွက်မှာ၏။ စည်တစ်ခွက်ရောက်လာတော့ တစ်ခွက်လုံးပြောင်အောင် တရှိန်ထိုးမော့ချကာ စားပွဲပေါ်သို့ ဖန်ခွက်အား ဆောင့်ချပြီး နောက်တစ်ခွက်ချက်ခြင်းမှာ၏။ ရောက်လာတာနဲ့ ဖန်ခွက်တစ်ဝက်နီးပါး မော့လိုက်ပြန်၏။

'အား အခုမှပဲ နေသာထိုင်သာဖြစ်တော့တယ်' ဆိုင်ထဲ ကသုတ်ကရက်ရောက်လာပြီး အလုပ်ရှုပ်နေသည့် ဝင်းကျော်အား ပြုံးစစကြည့်ရင်း သောက်ချင်စားချင်စိတ်လေး တစ်ခါတလေဖြစ်တာတောင်မှ မိန်းမကြောက်ပြီး တုပ်တုပ်မှမလှုပ်ရဲတဲ့ သူ့သူငယ်ချင်းရဲ့မိန်းမလစ်တုန်းလေး အငမ်းမရဖြစ်ပုံကို ဘဒင်တစ်ယောက် ပြုံးစေ့စေ့လေးကြည့်လို့။

× × × × × × ×

အာလေးလျှာလေးသံနှင့် စကားဖောင်ဖွဲ့နေသည့် ဘဒင်မှာ ထိုင်ခုံနောက်မှီကိုမှီချပြီး အသာငြိမ်ပေးလိုက်၏။

'ကိုဝင်းကျော် တော်ဘယ်မှာလဲ'

'ဟ မိန်းမကလည်း ယောကျ်ားအိမ်မှာပါ'

'ဟုတ်လို့လား အိမ်မှာဆို အခုဘာလုပ်နေလဲ'

'ဘုရားရှိခိုးနေတာလေ။ အခုတောင်ပြီးလို့ အမျှဝေမလို့လုပ်တုန်း မိန်းမဖုန်းလာတာနဲ့'

'တော် မညာနဲ့။ ကျုပ်အသိတစ်ယောက်က တော်နဲ့ဘဒင်နဲ့ နှစ်ယောက်နန်းစတော့ထဲမှာလို့ပြောတယ်။ အခုတော့ အသံကလည်း အာလေးလျှာလေးကြီးနဲ့ မှန်မှန်ပြောနော်'

မလွင်တို့များ သတင်းအချက်အလက်တိကျမှုက အံ့သလို။



တစ်စက်မကျန်အောင် သောက်ထားတဲ့ စည်ဘီယာဖန်ခွက်တွေက စားပွဲပေါ်မှာ ညာတန်းညီလို့။ ဝင်းကျော်နဲ့ဘဒင်တို့ကတော့ အာခေါင်ထိမတတ် လျှာတွေလိပ်လို့။ စကားလုံးတွေက ဘာသာပြန်မရအောင် လုံးလုံးထွေးထွေး။ အချိန်က ည ၇ နာရီကျော်ကျော်။

ရုတ်တရက် ဝင်းကျော်ရဲ့ဖုန်းက ဖုန်းခေါ်သံထွက်လာတော့ ဝင်းကျော်အကျီအိတ်ထဲက ခလုတ်နှိပ်ဖုန်းကိုထုတ်၊ ခေါ်ဆိုသူနာမည်ကိုကြည့်လိုက်တော့ သူ့မိန်းမ မလွင်ဖြစ်နေတာမို့ လက်ညှိုးကို ဒေါင်လိုက်ထားပြီး ပါးစပ်နားကပ်ကာ 'ရှူး ငါ့မိန်းမဆီက

'ဟာကွာ ဘယ်သူကကျပ်လိုက်တာလဲ မိန်းမရာ၊ မဟုတ်တာကွာတောက်' ဝင်းကျော် မရဲတရဲလေး ဒေါသထွက်ယောင်ဆောင်လိုက်တော့ တစ်ဖက်က ဝင်းကျော်မိန်းမဖြစ်သူ မလွင် အသံတိတ်သွားသည်။ တိတ်ချင်လို့တိတ်တာမဟုတ်။ အကယ်လို့များ သူ့ယောကျ်ားသာ အရက်ဆိုင်မှာဆိုလျှင် ဆိုင်ထဲကလူပေါင်းစုံရဲ့ စကားသံတွေထွက်မှာဆိုတာကို အကွက်မြင်သောကြောင့် ငြိမ်ပြီးအသံဗလံနားစွင့်နေတာဖြစ်၏။ ကံကကောင်းချင်တော့ ဆိုင်ထဲမှာသောက်နေတဲ့ဝိုင်းတွေက ငြိမ်ချက်သားကောင်းတဲ့ဝိုင်းတွေချည်းမို့။

'နေစမ်းပါဦး မိန်းမ၊ ယောကျ်ားကို အရက်ဆိုင်မှာလို့ပြောတာ ဘယ်သူလဲ ပြောစမ်း။ မဟုတ်ဘဲ အပြောခံရတာလောက် အူပေါက်တာမရှိဘူးတောက်'

တကယ့်ကောင်းလှတဲ့ဖိန့်လုံး လန့်ထွက်လို့၊ ဒုတိယမြောက် ဒေါသကို ရဲရဲတင်းတင်း ထွက်ပြလိုက်တော့-

'ကဲပါ ကဲပါ အရက်ဆိုင်မှာမဟုတ်ဘဲ အိမ်မှာဆိုလည်းပြီးရောပေါ့။ ဒါပေမဲ့ သိပ်ယုံချင်တာမဟုတ်ဘူးနော်။ သတင်းပေးတဲ့သူက အတိအကျပေးတာ။ တော် အခုအိမ်ကဘုရားစင်ရှေ့မှာဆိုတော့ သက်သေတစ်ခုပြရမယ်။ တော့်ဖုန်းကိုမချဘဲနဲ့ ကြေးစည်တီးပြ'

အမယ် ဝင်းကျော်မိန်းမကလည်း အပိုင်ချည်တာရယ်။ ဖုန်းစပီကာဖွင့်ထားတာမို့ ဝင်းကျော်တို့လင်မယားပြောသမျှ ကြားနေရသောဘဒင်ကတော့ ဒီတစ်ခါတော့ ဝင်းကျော်အကျပ်ရိုက်ပြီလို့ တွေးထင်နေ၏။ ဝင်းကျော်မျက်နှာကိုကြည့်တော့လည်း ခနဲ့တဲ့တဲ့မျက်နှာပေးနဲ့။

'အေးလေ ဒါဆိုရင်လည်း ကြေးစည်သံနားထောင် ဟုတ်ပြီလား။ ယောကျ်ားလည်း မိန်းမဖုန်းလာတာနဲ့ အမျှတောင်မဝေရသေးဘူး'

နင်လည်တာလောက်တော့ ငါအိပ်နေသလောက်ပဲ ရှိပါသေးတယ် မိန်းမရယ်ဆိုပြီး ဝင်းကျော်တစ်ယောက် ဖုန်းထဲအသံမဝင်အောင် တိုးတိုးလေး ပြောပြောဆိုဆိုဖြင့် ညနေအစောပိုင်းက အိမ်ကမထွက်ခင် ကြွပ်ကြွပ်အိတ်ထဲထည့်ယူလာသောပစ္စည်းကို အလျင်အမြန်ထုတ်လိုက်ပြီး ဖုန်းကိုစားပွဲပေါ်တင်ကာ 'အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့ သာဓု သာဓု သာဓု'

'နောင်ဝေ ဝေဝေဝေ ဝေ'

ရုတ်တရက်ကြားလိုက်ရတဲ့ကြေးစည်သံကြောင့် တစ်ဆိုင်လုံးမှာရှိတဲ့ စားသောက်သူများအားလုံး ခွက်တွေကလေထဲမှာမြောက်လျက်။ အမြည်းစားသောလက်တွေက ပါးစပ်ပေါက်မှာ တန်းလန်း။ အတူရှိနေသူဘဒင်ကလည်း တအံ့တဩ။

**ဘဒင်**

**နင်လည်တာလောက်တော့ ငါအိပ်နေသလောက်ပဲ ရှိပါသေးတယ် မိန်းမရယ်ဆိုပြီး ဝင်းကျော်တစ်ယောက် ဖုန်းထဲအသံမဝင်အောင် တိုးတိုးလေးပြောပြောဆိုဆိုဖြင့် ညနေအစောပိုင်းက အိမ်ကမထွက်ခင် ကြွပ်ကြွပ်အိတ်ထဲထည့်ယူလာသောပစ္စည်းကို အလျင်အမြန်ထုတ်လိုက်ပြီး ဖုန်းကိုစားပွဲပေါ်တင်ကာ ...**

# ASIA WORLD INDUSTRIES LTD

ပီနန်အိတ် ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်း



လူကြီးမင်းတို့၏ ထွက်ကုန်များအတွက် အရည်အသွေးကောင်းမွန်သော ပီနန်အိတ် အထူ၊ အပါး အရွယ်အစား အမျိုးမျိုးနှင့်

ဆေးရောင်စုံတံဆိပ်ရိုက်လုပ်ငန်းများအား စိတ်တိုင်းကျ ဆောင်ရွက်ပေးလျက် ရှိပါသည်။

မှာကြားသော ပစ္စည်းများကို ရန်ကုန်မြို့တွင်း စက်ရုံ၊ ပွဲရုံများအရောက်နှင့် နယ်မြို့များအတွက် သက်ဆိုင်ရာကားဂိတ်၊ သင်္ဘောဆိပ်အရောက် ပို့ဆောင်ပေးနေပါသည်။

ကိုယ်စားလှယ်အဖြစ် ဖြန့်ချိလိုသော လုပ်ငန်းရှင်များလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**Factory & Sales Centre**
No. 125, Muse Street, Industrial Zone (1), South Dagon Township, Yangon.
Tel : 01-2348472 ~ 3 Mobile : 09-443518766 , 09-260066622 , 09-260066688

## WIN TOP ENGINEERING & GENERAL SERVICES CO., LTD.



**Scope of Services and Supply**
- Logistics and Procurement Services
- Human Resources Management & Manpower Services
- Safety & PPE Supplier
- Contractor for Civil, Mechanical & Electrical Engineering Work
- Facilities Maintenance
- Industrial Wastewater Treatment
- Water Treatment/Boiler Make up Water Treatment/ Ultra Pure Water Treatment

No. (48-D), Yangon-Insein Road (Near Hledan Junction),
Kamayut Township, Yangon, Myanmar.
Tel : +95 1 514104, 502637, Mobile : 09 5118411, 09 73023962
Email : wintop@ytp.com.mm, gennoservices@gmail.com
Website : www.wintopmyanmar.com.mm

## SWY Group of companies



Office : Nya/73, Yuzana Street, Bayint Naung(1) Ward, Mayangone Township, Yangon, Myanmar.
☎ : 01 680 803, 01 686 158, 01 686 251 Fax : 01 686 251

Warehouse : (1)No(465/A), Corner of Yaw Ah Twin Win U Pho Hlaing Street & Kanner Street, Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
(2)No(64/7), Corner of Myat Housing Pass(1) & Kanner Street, Zone(3), Shwe Pyi Thar Industrial Zone, Yangon, Myanmar.
☎ : 01 680 803, 01 686 158, 01 686251 Fax : 01 686251

စက်မှုအလင်းဂျာနယ်
Beacon of Industry
Journal


နာရီဆိုလျှင် CHERRY OO




လူကြီးမိဘ နှင့် ဆရာသမားများကို
ကန်တော့ခြင်း




ချစ်သူ/ခင်သူများအတွက်
မွေးနေ့လက်ဆောင်ပေးခြင်း



မင်္ဂလာပွဲများအတွက်
မင်္ဂလာလက်ဆောင်မွန်ပေးခြင်း

https://www.facebook.com/cherryoowatchgallery
https://www.instagram.com/cherryoowatchgallery
https://www.cherryoo.com

Contact
09 730 222 48, 09 451 522 228

သရဖူ
FDA အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်အမှတ် - ၈၄/၁၈၁၅၅/ထလ
ကောင်းသောအရသာမှန်ကန်သောရွေးချယ်မှု
ဖျော်ရည်
နှစ်ပေါင်း ၄၀ ကျော်တိုင်အောင် စားသုံးသူများ၏
အားပေးမှုကို ရရှိထားသော အမှတ်တံဆိပ် သရဖူ






အထူးသတိပြုရန်
ဆင်တူယိုးမှား နှင့် အတုအပကို အထူးသတိပြုဝယ်ယူအားပေးပါရန်
သရဖူ ဖျော်ရည်လုပ်ငန်းမှထုတ်လုပ်သောဖျော်ရည်များကို သရဖူ အမည်တစ်မျိုးတည်းဖြင့်ထုတ်လုပ်ပြီး
သရဖူ အမှတ်တံဆိပ်စာလုံး၏ရှေ့နောက်တွင်မည်သည့် စာသားနှင့်အမှတ်အသား အပိုမပါရှိပါ။
အမှတ်(၄၀၈-၄၀၉) ရွှေလီလမ်း၊ စက်မှုဇုန် (၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၂၉၁၆၅၅၊ ၂၉၅၈၈၁၊ ၅၉၁၁၇၄၊ ၀၁-၆၆၇၅၃၆ 📱 ၀၉-၇၃၀၇၃၄၉၇

NEW POWER General Trading Co.,Ltd.
Stainless Steel Emporium

TUN MYINT
Managing Director
H.P : (+95)09-5127473

Head Office
No.81/85, 1st Floor, Room(4),
Anawrahta Road,Pazundaung
Township, Yangon,Myanmar.

Tel : (+95) 01-298218,291431,09-969738823
09-420039599
Email : tunmyint.newpower@gmail.com
Website : http://www.newpowerstainlesssteel.com

TEK NAY WUNN NI
MANUFACTURING CO.,LTD

PLOT NO 142,BLOCK NO 64, MAKHAYAR MIN THARGYI STREET,
SHWE PYI THAR INDUSTRIAL ZONE(3), HLAING THARYAR Tsp,
YANGON, MYANMAR.
TEL : 95-1-618143
FAX : 95-1-618143










GAC MOTOR

**GAC MOTOR / LS AUTOMOTIVE GROUP MYANMAR** (A member of LS Strategic Holding Limited)
**Yangon Showroom:** 351 Pyay Road, Sanchaung Township, Yangon, Myanmar.
Hotline: 0996 GACSALES (0996 4227253)
**Mandalay Showroom:** No. (Sa-1/3+4), Myo Thit (2) Quarters, Between 72*73street, Ngushwe Wah Main Road, Chanmyatarsi Township, Mandalay.
Hotline: 0997 GACSALES (0997 7972986)
Website: www.gacmotor.com.mm
Facebook: www.facebook.com/gacmotormyanmar/




Ford
Go Further
ford-myanmar.com

CAPITAL MOTORS

**Ford Yangon showroom:**
No. (3), Ward (12), Insein Main Road, Hlaing Township, Yangon, Myanmar.
Ph: +95(0)1 521-959

**Ford Mandalay showroom:**
No. (516/ka), Corner of Kywe Sel Kan 78th St and 12th St, Pyi Gyi Tagon Township, Mandalay.
Ph: +95(0)2-40 56014-18

@Ford Myanmar